# စက်မှုအလင်း ဂျာနယ်

Beacon of Industry

အတွဲ ၂၊ အမှတ် ၂၊ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်   www.industry.gov.mm   စက်မှုဝန်ကြီးဌာနမှထုတ်ဝေသည်။


## မြန်မာ – ဂျပန် ချစ်ကြည်ရေး ချယ်ရီပင်စိုက်ပျိုးပွဲတော်ကျင်းပ

### ‘မတူညီသည့် ယဉ်ကျေးမှုများကြားတွင် အဆက်အသွယ်လုပ်ပေးနိုင်သည့် ပန်းလေးတစ်ခုသည်လည်း ငြိမ်းချမ်းရေး၏သင်္ကေတပင်ဖြစ်’

နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အနာဂတ်လူငယ်များ ငြိမ်းချမ်းရေးကိုအလေးထားဆောင်ရွက်နိုင်ရန်၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရန် ရည်ရွယ်ချက်များဖြင့် မြန်မာ-ဂျပန် ချစ်ကြည်ရေး ချယ်ရီပင်စိုက်ပျိုးပွဲတော်ကို ဇန်နဝါရီလ ၂၉ ရက်နေ့ နံနက်က နေပြည်တော် ဇဝနလမ်းရှိ ဗိုလ်ရှုသဘင် အနီး၌ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ မြန်မာ-ဂျပန် ချစ်ကြည်ရေးချယ်ရီပင်ကို စိုက်ပျိုးပေးသည်။ ချယ်ရီပင်ပေါင်း ၁,၀၀၀ ကို နေပြည်တော်ကြာပန်းအဝိုင်းမှ လွှတ်တော်သို့ သွားသည့် ဇဝနလမ်း၏ဝဲ၊ ယာတွင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ဓာတ်ပုံ− သတင်းစဉ်

## အနံ့သေးရက်ကန်းစက်အား အနံ့ကြီးစက်အဖြစ်တီထွင်ပြုပြင်

## တီထွင်ဖန်တီးပေးသူများအား ဂုဏ်ပြုလက်ဆောင်များချီးမြှင့်

စာ – ၂



# စက်မှုဝန်ကြီး ဦးခင်မောင်ချို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိအထည်စက်ရုံများနှင့် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနတို့အား ကြည့်ရှုစစ်ဆေး

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ဇန်နဝါရီလ ၂၈ ရက်နေ့ နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့ရှိ အမှတ် (၃) အထည်စက်ရုံခွဲ (စစ်ကိုင်း) သို့ရောက်ရှိပြီး စက်ရုံမှထုတ်လုပ်ထားရှိသည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားသည့် အခြေအနေ၊ ဆေးရုံသုံးမွေ့ယာများထုတ်လုပ်လျက်ရှိသည့်အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက အဝတ်အထည်များချုပ်လုပ်ရာတွင် ဒီဇိုင်းအရေးကြီးကြောင်း၊ Designer များသည် အတွေးအခေါ်ကောင်းကောင်းဖြင့် တီထွင်ဖန်တီးမှုများကို စဉ်ဆက်မပြတ်ပြုလုပ်နေရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာမှဒီဇိုင်းများကိုလည်း အမြဲမပြတ်လေ့လာနေရန်လိုကြောင်း၊ အဝတ်အထည်များကို လက်ရာသေသပ်လှပစွာဖြင့် အရည်အသွေးကောင်းမွန်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဈေးကွက်လေ့လာ၍ ဈေးကွက်အကြိုက်ထုတ်လုပ်နိုင်မှသာ စီးပွားရေးတွက်ခြေကိုက်မည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပေးအပ်သည့်တာဝန်ကို တက်တက်ကြွကြွဖြင့် ကျေပွန်အောင်ထမ်းဆောင်ကြရန်လိုကြောင်း လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အမှတ် (၃) အထည်စက်ရုံ (စစ်ကိုင်း) သို့ ရောက်ရှိပြီး ဝါဖန်ဌာန၊ ဗိုင်းတောင့်ဌာန၊ အပင်ပေါင်းဌာန၊ ချည်ငင်ဌာန၊ အရည်အသွေးထိန်းသိမ်းရေးဌာန၊ ရက်ကန်းဌာန၊ စက်အရန်ပစ္စည်းများထုတ်လုပ်ရေးအလုပ်ရုံတို့သို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက စက်ရုံထုတ်ကုန်ပစ္စည်းများသည် ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက် အရည်အသွေး ကောင်းမွန်ရမည်ဖြစ်ကြောင်း၊ ဈေးကွက်လေ့လာရေးအဖွဲ့များ ဖွဲ့စည်း၍ ဈေးကွက်သုတေသနပြုလုပ်ပြီး ဈေးကွက်လိုအပ်ချက်အတိုင်း ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ထားရန်လိုကြောင်း၊ မိမိထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးကောင်း/မကောင်းကို သုံးစွဲသူပြည်သူမှ ဆုံးဖြတ်မည်ဖြစ်ကြောင်း၊ စက်ရုံတာဝန်ရှိသူများအနေဖြင့် အမှာစာများကိုစောင့်ဆိုင်းမနေဘဲ ဝယ်ယူသုံးစွဲမည့်လုပ်ငန်းရှင်အဖွဲ့အစည်းများထံသို့ တိုက်ရိုက်သွားရောက်တွေ့ဆုံ၍ မိမိထုတ်ကုန်ပစ္စည်းများသုံးစွဲလာအောင် ရှင်းလင်းပြသရန်လိုကြောင်း၊ မိမိထုတ်ကုန်ပစ္စည်းများကို ပြည်သူများကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် Media များအသုံးပြု၍ ကြော်ငြာရမည်ဖြစ်ကြောင်း၊ မိမိထုတ်ကုန်ပစ္စည်းများနှင့် ပတ်သက်၍ သုံးစွဲသည့်ပြည်သူများ၏အကြံပြုချက်များကို အလေးထား၍ပြုပြင်ထုတ်လုပ်သွားရန်လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပေးအပ်သည့်တာဝန်များကို ရိုးသားကြိုးစား၍ စေတနာထားဆောင်ရွက်ရန်လိုကြောင်း လမ်းညွှန်မှာကြားခဲ့သည်။



နေ့လယ်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မုံရွာမြို့ရှိ စစ်ကိုင်းတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ ရောက်ရှိပြီး တိုင်းဒေသကြီးဦးစီးမှူးက လုပ်ငန်းအုပ်စုအလိုက် စက်မှုလုပ်ငန်းများ မှတ်ပုံတင်ထားရှိမှု၊ စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်မှု၊ SMEs Cluster များ ဖွဲ့စည်းထားရှိမှု၊ လုပ်ငန်းရှင်များနှင့်ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် သင်တန်းများဖွင့်လှစ်မှုနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတကာအဖွဲ့အစည်းများမှ ဖြန့်ဝေပေးလျက်ရှိသည့် နည်း

**စာမျက်နှာ ၇ သို့ -**

**မျက်နှာဖုံးမှ-**

# မူလအနံ့သေးပိတ်စသာထုတ်လုပ်နိုင်သော ရက်ကန်းစက်အား အနံကြီးပိတ်စထုတ်လုပ်နိုင်သည့်စက်အဖြစ် တီထွင်ပြုပြင်

စက်မှုဝန်ကြီးဌာန အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ် (၄) အထည်စက်ရုံ (ပွင့်ဖြူ) မှ မူလ Rapier Loom ရက်ကန်းစက်များသည် အနံ ၄၈ လက်မပိတ်များသာ ထုတ်လုပ်နိုင်စွမ်းရှိပြီး ယင်းပိတ်များအား လက်ရှိအထည်ချုပ်စက်ရုံများ၌ အသုံးပြုရာတွင် အလေအလွင့်များသောကြောင့် အနံကြီးပိတ်စများထုတ်လုပ်နိုင်သည့် ရက်ကန်းစက်အဖြစ် တီထွင်ထုတ်လုပ်ရန် စက်မှုဝန်ကြီးဌာနမှစီစဉ်ဆောင်ရွက်ခဲ့သည်။

ဝန်ကြီးဌာနရှိ Design ပညာကျွမ်းကျင်သူများနှင့်အင်ဂျင်နီယာများက ပွင့်ဖြူအထည်စက်ရုံရှိ မူလရက်ကန်းစက်များအားလေ့လာပြီး အနံချဲ့ရန် Design ပုံစံထုတ်လုပ်ခြင်းနှင့် လိုအပ်သည့်စက်အစိတ်အပိုင်းများအား Modify ပြုလုပ်ခြင်း၊ အသစ်ဖန်တီး၍အစားထိုးလဲလှယ်ခြင်းများကို အမှတ် (၂၃) အကြီးစားစက်ရုံ (ညောင်ခြေထောက်) ၌အခြေပြု၍ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါပူးပေါင်းအဖွဲ့က စနစ်တကျစီမံချက်ချ၍ကြိုးစားဆောင်ရွက်ခဲ့ကြရာမှ မူလလျာထားချက်အတိုင်း ရက်သတ္တပတ် ၃ ပတ်အတွင်း မူလအနံ ၄၈ လက်မသာထုတ်လုပ်နိုင်ရာမှ အသားတင်ပိတ်သား အနံ ၆၅ လက်မအထိ ထုတ်လုပ်နိုင်သောရက်ကန်းစက်အဖြစ် အောင်မြင်စွာစမ်းသပ်လည်ပတ်နိုင်ခဲ့သည်။

ဇန်နဝါရီလ ၂၂ ရက်နေ့တွင် အမှတ် (၂၃) အကြီးစားစက်ရုံ (ညောင်ခြေထောက်) ၌ အဆိုပါစက်အား လက်တွေ့စမ်းသပ်လည်ပတ်၍ ပိတ်စထုတ်လုပ်နေမှုကို ပြည်ထောင်စုဝန်ကြီးဦးခင်မောင်ချို ကြည့်ရှုစစ်ဆေးအားပေးပြီး စက်ကိုတီထွင်ဖန်တီးထုတ်လုပ်စဉ် အားသာချက်၊ အားနည်းချက်များကို အသေးစိတ်မှတ်သား၍ ကျန်ရှိသောစက်များကိုလည်း ဆက်လက်မွမ်းမံသွားနိုင်ရေး ကြိုးစားကြစေလိုကြောင်း၊ ယခုအောင်မြင်မှုနှင့်ရပ်တန့်မနေဘဲ အောင်မြင်မှုပိုမိုရရှိအောင် တက်ညီလက်ညီ ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ ယခုကဲ့သို့ အချိန်တိုအတွင်း တီထွင်ပြုပြင်ပေးခဲ့ကြသည့် ဝန်ထမ်းများအားလုံးကို အသိအမှတ်ပြုချီးကျူးဂုဏ်ပြုကြောင်း၊ ဌာနအနေဖြင့် ပိုမိုကောင်းမွန်သည့် ဒီဇိုင်းများတီထွင်ဆန်းသစ်သောအရည်အသွေးမီ ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်သွားနိုင်ရေးကို စီမံဆောင်ရွက်ရန်လိုကြောင်း၊ Customer များက စက်စွမ်းအားထက် ယင်းစက်ကထုတ်လုပ်ပေးလိုက်သည့် ထုတ်ကုန်၏အရည်အသွေးနှင့် ဈေးနှုန်းကိုသာ ပိုမိုစိတ်ဝင်စားပြီး ဝယ်ယူအားပေးကြမည်ဖြစ်၍ မိမိတို့ကဈေးကွက်ကို မျက်ခြေမပြတ်စူးစမ်းလေ့လာ၍ဈေးကွက်နှင့် လိုက်လျောညီထွေရှိသည့်ထုတ်ကုန်များကို အချိန်ကိုက်ထုတ်လုပ်ပေးစွမ်းနိုင်ရမည်ဖြစ်ကြောင်း မှာကြားပြီး စက်တီထွင်ဖန်တီးပေးခဲ့သည့် စက်ရုံမှူးများနှင့်ဝန်ထမ်းများအား ဂုဏ်ပြုလက်ဆောင်များနှင့် စက်တီထွင်ဖန်တီးမှုများအတွက် အသုံးဝင်

**စာမျက်နှာ ၃ သို့ -**



# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) နှင့် ရှမ်းပြည်နယ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနတို့အား ကြည့်ရှုစစ်ဆေး

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ဇန်နဝါရီလ ၁၃ ရက်နေ့ နေ့လယ်ပိုင်းတွင် ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့နယ်၊ ပင်းပက်ဒေသရှိ အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) သို့ရောက်ရှိပြီး Primary Crusher၊ Stacker & Reclaimer Area၊ Lime & Dolomite Plant၊ Coal Preparation Unit၊ General Work Laboratory၊ Air Separation Unit၊ Waste Heat Recovery Electric Power Station၊ Romelt Shop၊ Steam Boiler နှင့် Pig Iron Casting Shop တို့တွင် စက်ပစ္စည်းများတပ်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေတို့ကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက စက်ရုံတည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲများစွာတွေ့ကြုံရမည်ဖြစ်ပြီး ကျော်လွှားနိုင်အောင်အားလုံးပူးပေါင်း၍ ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်ရုံရှိအလုပ်ရုံများအလိုက် စက်စွမ်းအားပြည့်လည်ပတ်ထုတ်လုပ်နိုင်မှသာ စီးပွားရေးအရ တွက်ချေကိုက်မည်ဖြစ်ကြောင်း၊ စက်ရုံအကောင်အထည်ဖော် တည်ဆောက်ဆောင်ရွက်ပြီးစီးပါက မိမိတို့ပြည်သူပြည်သားများကိုယ်တိုင်ဦးဆောင်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်နိုင်သည်အထိ နိုင်ငံခြားသားပညာရှင်များမပြန်မီ လေ့လာသင်ယူထားရန်လိုကြောင်း၊ စက်ရုံတည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် Time Line၊ Time Frame တို့ဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ စက်ရုံတည်ဆောက်ရေးလုပ်ငန်းများနှင့် စက်တပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြီးစီးမှုအခြေအနေ၊ ကျန်ရှိနေသည့်အခြေအနေ၊ ကျန်ရှိနေသည့်အပိုင်းအား ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို Schedule စနစ်တကျ ရေးဆွဲဆောင်ရွက်ရန်လိုကြောင်း၊ စက်ရုံအနေဖြင့် မီးဘေးလုံခြုံရေးစီမံချက်ရေးဆွဲထားရန်၊ ဇာတ်တိုက်လေ့ကျင့်မှုများပြုလုပ်ရန်နှင့် မီးငြိမ်းသတ်သည့်ပစ္စည်းများ ပြည့်ပြည့်စုံစုံထားရှိရန်လိုကြောင်း၊ စက်ရုံတည်ဆောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရုရှားနိုင်ငံ TPE Company နှင့် အီတလီနိုင်ငံ Danieli Co.,Ltd. တို့နှင့်စဉ်ဆက်မပြတ်တွေ့ဆုံပြီး လိုအပ်ချက်များအား အမြန်ဆုံးညှိနှိုင်း၍ ပြတ်ပြတ်သားသားဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးကို အလေးထားဆောင်ရွက်ရန်လိုကြောင်း၊ စက်ရုံအကောင်အထည်ဖော်တည်ဆောက်ဆောင်ရွက်ပြီးစီးပါက ထွက်ရှိလာသည့်ကုန်ချောများ ဈေးကွက်သို့တင်ပို့ရောင်းချနိုင်ရေးအတွက် ရောင်းချမည့်ဈေးနှုန်းများကို ကြိုတင်တွက်ချက်ထားရန်နှင့် ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် ဈေးကွက်ရှာဖွေထားရန်လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် စက်ရုံအား အမြန်ဆုံးအောင်မြင်စွာတည်ဆောက်ပြီးစီး၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း လမ်းညွှန်မှာကြားသည်။





ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့်စက်ရုံရှိ တာဝန်ရှိသူတို့သည် အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) အား စက်စွမ်းအားပြည့်လည်ပတ်လျှင် လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိစေရေးနှင့်ပတ်သက်၍ညှိနှိုင်းဆွေးနွေးရာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးက လောပိတလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ထုတ်လုပ်သောလျှပ်စစ်ဓာတ်အားကို သာစည်ဓာတ်အားခွဲရုံသို့ပို့လွှတ်၍ တစ်နိုင်ငံလုံးသို့ဖြန့်ဖြူးလျက်ရှိကြောင်း၊ ထို့အတူ ကျိုင်းတောင်းလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ထုတ်လုပ်သောလျှပ်စစ်ဓာတ်အားကိုလည်း နမ့်စန်မှတစ်ဆင့် သာစည်ဓာတ်အားခွဲရုံသို့ပို့လွှတ်ကြောင်း၊ ယခုစက်ရုံမှအသုံးပြုသည့် လျှပ်စစ်ဓာတ်အားသည် သာစည်-ကလော-တောင်ကြီးသို့ပေးပို့သည့်လျှပ်စစ်၊ ကလော-တောင်ကြီးသို့ ပေးပို့သည့် လျှပ်စစ်ဓာတ်အားလိုင်းမှတစ်ဆင့် သွယ်တန်းပေးပို့ထားခြင်းဖြစ်ကြောင်း၊ စက်ရုံမှ တောင်းဆိုသည့် မတူညီသော Source များမှလျှပ်စစ်ဓာတ်အားလိုင်း ၂ လိုင်းအား စက်ရုံအသုံးပြုရန်ချိတ်ဆက်ပေးရမည်ဆိုပါက ကျိုင်းတောင်းလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ထုတ်လုပ်သည့်လျှပ်စစ်ဓာတ်အားကို နမ့်စန်မှတစ်ဆင့် စက်ရုံသို့တိုက်ရိုက်ချိတ်ဆက်လျှင် ပြည်သူများကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရာတွင် လျော့နည်းသွားမည်ဖြစ်ကြောင်း၊ စက်ရုံအနေဖြင့် မတူညီသော Source ၂ ခုမှ လျှပ်စစ်ဓာတ်အားလိုင်း ၂ လိုင်းချိတ်ဆက်အသုံးပြု၍ မရနိုင်ကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဓာတ်အားရရှိမည့် အခြားနည်းလမ်းများကိုညှိနှိုင်းကြရာတွင် စက်ရုံစက်စတင်လည်ပတ်ပြီး သံရည်ကျိုမီးဖိုစတင်သည့်အချိန်တို့တွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမရှိစေရေးအတွက် အစွမ်းကုန်ဖြည့်ဆည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းဆွေးနွေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးတို့သည် Heat Recovery Electric Power Station အကောင်အထည်ဖော် တည်ဆောက်ဆောင်ရွက်ထားရှိသည့် အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ဆက်လက်၍ ဇန်နဝါရီလ ၁၄ ရက်နေ့၊ နေ့လယ်ပိုင်းတွင် တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ပြည်နယ်ဦးစီးမှူးက လုပ်ငန်းဆောင်ရွက်လျက်ရှိသည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လျှပ်စစ်စစ်ဆေးရေးလုပ်ငန်းများအား ဓာတ်လိုက်မှု၊ ပေါ့ဆမှုမရှိစေရေးအတွက် ကျယ်ကျယ်ပြန့်ပြန့်အသိပညာပေးရန်လိုကြောင်း၊ လျှပ်စစ်အန္တရာယ်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးရန်လိုကြောင်း၊ ဘွိုင်လာများကိုလည်း အန္တရာယ်ကင်းရှင်းစွာအသုံးပြုနိုင်သည်အထိ စနစ်တကျစစ်ဆေးပေးရန်လိုကြောင်း လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**စာမျက်နှာ ၂ မှ -**

မည့်စက်ပစ္စည်းကိရိယာများကို ချိန်မြှင့်ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမှတ် (၂၃) အကြီးစားစက်ရုံ (ညောင်ခြေထောက်) ၏ ထရန်စဖော်မာထုတ်လုပ်ရေးအလုပ်ရုံ၊ ပီဗွီစီဝါယာထုတ်လုပ်ရေးအလုပ်ရုံနှင့် စက်ပစ္စည်းကိရိယာထုတ်လုပ်ရေးအလုပ်ရုံတို့ရှိ ထုတ်လုပ်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဈေးကွက်ရရှိရေးကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

စက်မှုဝန်ကြီးဌာနအနေဖြင့် ရက်ကန်းစက်တီထွင်ဖန်တီးမှုအား ပထမအဆင့် အလုံး ၅၀၊ ဒုတိယအဆင့် အလုံး ၁၀၀၊ တတိယအဆင့် အလုံး ၄၅၀ ဆက်လက်မွမ်းမံတည်ဆောက်သွားမည်ဖြစ်ပြီး အရည်အသွေးမြင့်ပိတ် (Fabric) နှင့်အထည်များကို ဈေးကွက်လိုအပ်ချက်များအတိုင်း ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်းသိရှိရသည်။


# သမိုင်းဝင်တဲ့မြို့ သမိုင်းတင်မယ့်ဒီ...



နေပြည်တော်ရဲ့ ဒီနှစ်ဇန်နဝါရီလအအေးဓာတ်က လာနီညာကြောင့်ပင်လားမသိ။ အေးလှသည်။

ရာသီဥတုအေးပေမယ့် အိပ်ယာထဲစောင်ခြုံမကွေးအား။ တာဝန်အရခရီးသွားရမည်။ ဌာနက မော်တော်ယာဉ်လာကြိုမည်။ စောစောထ။ အကြိုကားရောက်တော့ စထွက်၊ နံနက် ၆ နာရီ။ အမြန်လမ်းပေါ်တက်။ ခရီးလမ်းဦးတည်သည်က ကျောက်ဆည်သို့။

ကျောက်ဆည်မြို့မှာ ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ စက်ရုံ၊ အလုပ်ရုံတွေရှိသည်။ ထိုစက်ရုံများအား စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးတို့ လာရောက်




ကြည့်ရှုစစ်ဆေးမည်။ သတင်းရိုက်ကူးရေးအဖွဲ့အနေဖြင့် အဆိုပါစက်ရုံများသို့ ကြိုတင်သွားရောက်၍ မှတ်တမ်းဓာတ်ပုံဗီဒီယိုရိုက်ကူးရမည်။

ကျွန်တော်က အရေးသမားဖြစ်၍ ရေးစရာအတွေးများကို ကားပေါ်မှာတင်စတင်ခဲ့သည်။ လူကကျောက်ဆည်မရောက်သေး ကားပေါ်ကအတွေးထဲမှာတော့ ကျွန်တော်က ကျောက်ဆည်ကိုရောက်နှင့်နေပြီး ကျောက်ဆည်မြို့ကိုခြေရာကောက်နေမိသည်။

ကျွန်တော်က ကျောက်ဆည်မြို့သားတော့မဟုတ်။ သို့သော် ကျောက်ဆည်က ကျွန်တော်နှင့် မစိမ်း။ အနော်ရထာမင်းလက်ထက် လယ်တွင်းကိုးခရိုင်တွင်ပါဝင်သည့် အရေးပါသည့်မြို့၊ ဘာသာသာသနာယဉ်ကျေးမှုအမွေအနှစ်များ ကိန်းအောင်းနေသည့်မြို့၊ မြေဆီဩဇာကြွယ်ဝသည့်မြို့. . . စသည့်အခြေခံရေခံ၊ မြေခံကောင်းသည့်မြို့အဖြစ် ရှေးမဆွကတည်းက ကျွန်တော်က ဂုဏ်ယူမှတ်သားထားခဲ့ပြီးဖြစ်သည်။ ထို့အပြင် ကျောက်ဆည်နှင့်ကျွန်တော်က ရေစက်ပါသည်ဟုဆိုနိုင်လောက်သည့် အကြောင်းများလည်းရှိသည်။

ယခု ကျွန်တော်တာဝန်ထမ်းဆောင်နေသည့် ဝန်ကြီးဌာနသို့မရောက်မီ မန္တလေးမြို့ရှိ သတင်းဌာနတစ်ခုတွင်သတင်းတာဝန်ခံအဖြစ် လွန်ခဲ့သည့် ၁၅ နှစ်ခန့်က ကျွန်တော်တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ ထိုစဉ်က မန္တလေးတိုင်း၏ဒေသအာဏာပိုင်နှင့်အတူ ခရီးစဉ်များအတူလိုက်ပါခဲ့ပြီး သတင်းများရယူခဲ့ဖူးသည်။ ထို့ကြောင့် ကျောက်ဆည်ဆိုသည်က ကျွန်တော်တို့အကြိမ်ကြိမ်ဖြတ်သန်းသွားရာမြို့ဖြစ်သည့်အပြင် ကျောက်ဆည်မြို့တွင်း၊ မြို့ပြင်တည်ဆောက်ရေးလုပ်ငန်းခွင်များသို့လည်း မကြာခဏရောက်ခဲ့ရဖူးသည်။

ယခုကျောက်ဆည်သို့ ကျွန်တော်ထပ်မံခြေချခွင့်ရခဲ့ပြန်ပြီ။ ပထမဦးဆုံးကျွန်တော်တို့ဝင်ရောက်ခဲ့သည်က ဆေးဝါးစက်ရုံ (အင်ရောင်း)။ ထိုစက်ရုံက ကျောက်ဆည်မြို့တောင်ဘက် ၆ မိုင်ခန့်၊ ပံမြင့်မိုရ်အနောက်ဘက် ၂ မိုင် ၅ ဖာလုံခန့်အကွာ အင်ရောင်းကျေးရွာအနီး၌ တည်ရှိသည်။ စက်မှုဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ မြန်မာ့ဆေးဝါးလုပ်ငန်းလက်အောက်ရှိ စက်ရုံတစ်ရုံဖြစ်ပြီး ၃၂. ၅၀ ဧကခန့်ကျယ်ဝန်းသည်။ မြန်မာပြည်အလယ်ပိုင်းနှင့် အထက်ပိုင်းဒေသများတွင် ဆေးဝါးပစ္စည်းများ လွယ်ကူစွာဖြန့်ဖြူးနိုင်ရန်၊ ဒေသတွင်းဖွံ့ဖြိုးတိုးတက်၍ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်၊ ဒေသတွင်းရှိ လူ့စွမ်းအားအရင်းအမြစ်များ ရယူအသုံးပြု၍ ဆေးဝါးထုတ်လုပ်မှုနည်းပညာနှင့် အသိပညာများကြွယ်ဝလာစေရန်ရည်ရွယ်၍ ၂၀၀၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် စတင်ဆောက်လုပ်ခဲ့ကြောင်း သိလိုက်ရအခိုက် ကျောက်ဆည်မြို့၏ရေခံ၊ မြေခံကောင်းအပေါ် စေတနာထပ်ဆောင်းမှုအဖြစ် စိတ်အတွင်းမှ ချီးကျူးထောပနာပြုလိုက်မိသည်။

'စက်ရုံဆောက်လုပ်ပြီးနောက် ၂၀၀၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့မှာ စက်ရုံက တစ်ခါသုံးဆေးထိုးအပ်စမ်းသပ်ထုတ်ခဲ့ပြီး ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်မှာ စီးပွားဖြစ် စထုတ်ခဲ့ပါတယ်။ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မှာ သွေးကြောသွင်းဆေးရည် စမ်းသပ်ထုတ်လုပ်မှုတွေဆောင်ရွက်ခဲ့ပြီး ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်မှာ စီးပွားဖြစ်ထုတ်လုပ်ရောင်းချခဲ့ပါတယ်။ နောက်တစ်နှစ်အကြာ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့မှာ ထိုးဆေးစမ်းသပ်မှုတွေဆောင်ရွက်ခဲ့ပြီး ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်မှာ စီးပွားဖြစ်ထုတ်လုပ်ရောင်းချခဲ့ပါတယ်။ စက်ရုံဖွင့်တာက ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့ပါ။ အခု ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့က ၉ နှစ်တင်းတင်းပြည့်ခဲ့ပါပြီ။ စက်ရုံသက်တမ်း ၉ နှစ်တာကာလအတွင်း လက်ရှိအချိန်အထိ တစ်ခါသုံးဆေးထိုးအပ် ၃ မျိုး၊ သွေးကြောသွင်းဆေးရည် ၅ မျိုး၊ ထိုးဆေး ၁၇ မျိုး၊ ပဋိဇီဝထိုးဆေး ၅ မျိုး၊ မျက်စဉ်းဆေး ၁ မျိုးနှင့် ဆေးမှုန့် ၂ မျိုး၊ စုစုပေါင်းထုတ်ကုန် ၃၃ မျိုးကို ထုတ်ပိုးမှုပုံစံအသစ်တွေနဲ့ စံချိန်မီ၊ အရည်အသွေးမီ







ဆေးဝါးစက်ရုံ (အင်ရောင်း) မှထုတ်လုပ်သည့် ဆေးဝါးပစ္စည်းများ

ထုတ်လုပ်ပေးလျက်ရှိပါတယ်' ဟု စက်ရုံမှူးက ဂုဏ်ယူဝင့်ကြွားစွာရှင်းလင်းပြောပြသည်။ သူကပင်ဆက်၍-

'ဒီလိုထုတ်လုပ်နိုင်ဖို့စက်ရုံမှာ ရောင်းချဖြန့်ဖြူးရေးဌာန၊ ဘဏ္ဍာရေးဌာန၊ ကုန်ထုတ်လုပ်ရေးဌာန၊ အုပ်ချုပ်ရေးဌာန၊ အရည်အသွေးထိန်းသိမ်းရေးဌာန၊ အရည်အသွေး အာမခံရေးဌာနနှင့် အင်ဂျင်နီယာဌာနဆိုပြီး ဌာနရှစ်ခုဖွဲ့စည်းဆောင်ရွက်နေတာဖြစ်ပါတယ်။ ထုတ်လုပ်မှုအပိုင်းဝန်ထမ်းအများစုကတော့ ဆေးဝါးဆိုင်ရာဘွဲ့ဒီဂရီရရှိပြီးသူ အများစုဖြစ်ကြပြီး ထုတ်လုပ်မှုနည်းစဉ်များကလည်း GMP Guideline (Good Manufacturing Practices) အတိုင်း အတိအကျလိုက်နာဆောင်ရွက်တာပါ။ ဒါ့ကြောင့်လည်း စက်ရုံထုတ်ကုန်တွေက စျေးကွက်မှာ နာမည်ရပြီးအောင်မြင်နေတာပါ။ နှစ်အလိုက် ကုန်သွယ်မှုအကျိုးအမြတ်က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်မှာ ကျပ် (၃၉. ၅၉၅) သန်း၊ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်မှာ ကျပ် (၃၃၃. ၂၀၀) သန်း၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှာ ကျပ် (၁၀၅. ၇၀၀) သန်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ကျပ် (၁၆၀. ၃၃၅) သန်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ကျပ် (၁၂၉. ၄၇၆)

**စာမျက်နှာ ၅ သို့ -**

**စာမျက်နှာ ၄ မှ -**

သန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ကျပ် (၅၆၁. ၃၆၂) သန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကျပ် (၁၃၀၉. ၉၉၄) သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ကျပ် (၆၁၆. ၆၄၁) သန်းနဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ဒီဇင်ဘာလအထိ ကျပ် (၅၁၀. ၅၄၁) သန်း၊ စုစုပေါင်းအမြတ်ငွေကျပ် (၃,၇၆၆. ၈၄၄) သန်းအမြတ်ရရှိခဲ့ပါတယ်' ဟု အားတက်ဂုဏ်ယူဖွယ်ရှင်းလင်းပြောကြားရာ ကျွန်တော့်စိတ်တွင်း၌ စက်မှုဝန်ကြီးဌာန စက်ရုံများအရှုံးပေါ်နေသည်ဟူသောအများ၏ထင်မြင်ယူဆချက်အပေါ် သံသယရှိလာမိသည်။

စက်ရုံအနေဖြင့် ဤမျှအောင်မြင်မှုအပေါ် ကျေနပ်အားရဟန်မတူ။ စက်ရုံဝင်းအတွင်း (၂၁၆ × ၁၁၆) ပေ၊ အမြင့် (၄၀) ပေ၊ အကျယ်အဝန်း (၂၅,၀၆၅) စတုရန်းပေရှိ သွေးကြောသွင်းဆေးရည်ထုတ်လုပ်ရေးအဆောက်အအုံသစ်ကို ထပ်မံတိုးချဲ့ဆောက်လုပ်လျက်ရှိသည်။ လုပ်ငန်းပြီးစီးသွားပါက ပြည်သူလူထု၏ကျန်းမာရေးစောင့်ရှောက်မှုတွင် အဓိကလိုအပ်သောသွေးကြောသွင်းဆေးရည်များကို တစ်နှစ်လျှင် ၅ သန်းမှ ၁၀ သန်းအထိ တိုးမြှင့်ထုတ်လုပ်သွားနိုင်မည်ဖြစ်ကြောင်းသိရှိခဲ့ရရာ စက်ရုံ၏အမြော်အမြင်နှင့်စွမ်းဆောင်မှုတို့အား မလေးစားဘဲမနေနိုင်။

'စက်ရုံအနေနဲ့ စဉ်ဆက်မပြတ်အောင်မြင်မှုရရှိဖို့ဆိုရင် သုတေသနနှင့်တီထွင်ဆန်းသစ်မှုကိုလည်း မျက်ခြေမပြတ်ဆောင်ရွက်ဖို့လိုပါတယ်။ စက်ရုံအနေနဲ့ Cal-D Glucose အထုပ်များကို အတုအပမပြုလုပ်နိုင်ရန်နှင့် ဆွဲဆောင်မှုပိုမိုကောင်းမွန်စေရန်၊ ထားသိုသိမ်းဆည်းမှုလွယ်ကူစေရန် Can ဘူးများဖြင့် ပြောင်းလဲထုတ်ပိုးဆောင်ရွက်ခဲ့ပါတယ်။ သွေးကြောသွင်းဆေးရည်ဘူးများမှာ BPI Logo အသားတံဆိပ်ထပ်မံထည့်သွင်းရိုက်နှိပ်ပြီး အတုအပမပြုနိုင်အောင် ဆောင်ရွက်ခဲ့



ဆေးဝါးပစ္စည်းများထုတ်လုပ်နေကြစဉ်

ပါတယ်။ ဈေးကွက်လိုအပ်ချက်အရ ထိုးဆေးများကို ယခင်ထုပ်ပိုးမှုပုံစံ Carton Box များအစား ဒီဇိုင်းသပ်ရပ်ပြီး သေသပ်သည့် Printed Carton Box with Plastic Tray များနဲ့ BPI Logo ပြောင်းပြီး ဆောင်ရွက်ခဲ့ပါတယ်။ ဆီးလမ်းကြောင်းနဲ့ ကျောက်ကပ်ဆေးကြောဖို့ခွဲစိတ်ခန်းသုံး Physiological Saline (PS) Solution 3 Lit, 5 Litဘူးများကို ဈေးနှုန်းသက်သက်သာသာနဲ့ထုတ်လုပ်နိုင်ဖို့ တီထွင်ဆောင်ရွက်နေပါတယ်။ ဆေးဝါးအတုဂိုဏ်းကိုလည်း ဝန်ကြီးရဲ့လမ်းညွှန်ချက်အတိုင်း ဌာနစုံပူးပေါင်းဖြိုခွင်းခဲ့လို့ BPI ဆေးဝါးအစစ်များကို လူထုကယုံကြည်စိတ်ချစွာသုံးစွဲနိုင်ပြီဖြစ်ပါတယ်။'

စက်ရုံမှူး၏ပြောကြားချက်များကိုရေးမှတ်ယူပြီး ၎င်းနှင့်အတူစက်ရုံဝန်းအတွင်းနှင့် ထုတ်လုပ်မှုအလုပ်ရုံများသို့ လေ့လာခွင့်ရရှိခဲ့ရာ တွေ့မြင်ရသည့်မြင်ကွင်းများက ဆေးဝါးစက်ရုံပီသစွာ သန့်ရှင်းသပ်ရပ်နေပြီး ထုတ်လုပ်မှုဝန်ထမ်းများကလည်း ပိုးမွှားကာကွယ်သန့်စင်ထားသည့် အခန်းများအတွင်း သတ်မှတ်ဝတ်စုံများဖြင့် စိတ်ဝင်တစားလုပ်ငန်းဆောင်ရွက်နေကြရာ စက်ရုံဘာကြောင့်အောင်မြင်မှုရနေသည်ကို ကျွန်တော်ယုံကြည်လက်ခံမိလိုက်သည်။

ဆေးဝါးစက်ရုံ (အင်ရောင်း) ပြီးတော့ ကျွန်တော်တို့ထပ်မံဝင်ရောက်ခဲ့သည်က အိမ်သုံးပစ္စည်းစက်ရုံ (မင်းစု)။ ထိုစက်ရုံက စက်မှုဝန်ကြီးဌာန၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်းလက်အောက်မှ စက်ရုံတစ်ရုံဖြစ်သည်။ ကျောက်ဆည်မြို့တောင်ဘက် ၁၂ မိုင်အကွာ မင်းစုကျေးရွာအနီးမှာရှိပြီး စုစုပေါင်း (၂၇. ၀၁) ဧက ကျယ်ဝန်းသည်။ ပြည်ပသွင်းကုန်အစားထိုးဆောင်ရွက်နိုင်ရန်၊ ပြည်သူများကျန်းမာရေးနှင့်ညီညွတ်သော ကြာရှည်အသုံးပြုနိုင်သည့် နိုင်ငံတကာအဆင့်မီ ထုတ်ကုန်ပစ္စည်းများအား ဈေးနှုန်းသက်သာစွာ အသုံးပြုနိုင်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ပေါက်လာစေရန်၊ ပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်ရည်ရွယ်ချက်များဖြင့် စက်ရုံကို ၂၀၀၅ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့တွင် စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၀၆ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင် စက်ရုံဖွင့်လှစ်ခဲ့သည်။

၂၀၀၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ နိုင်ငံပိုင်စက်ရုံအနေနှင့် အိမ်သုံးစတီးလ်ပစ္စည်းအမျိုးမျိုး၊ ဆေးရုံသုံးစတီးလ်ပစ္စည်းအမျိုးမျိုး၊ ဆေးရုံသုံးပရိဘောဂပစ္စည်းအမျိုးမျိုး၊ စတီးလ်ပိုက်အမျိုးမျိုး၊ ကြွေရည်စိမ်ပစ္စည်းအမျိုးမျိုးနှင့်ပလတ်စတစ်ပစ္စည်းအမျိုးမျိုးတို့ကိုထုတ်လုပ်ခဲ့ပြီး ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် CYT Industrial Co.,Ltd. သို့ တင်ဒါခေါ်ယူငှားရမ်းခဲ့သည်။ သို့သော်ကုမ္ပဏီအနေဖြင့် စက်ရုံအားရေရှည်ဆက်လက်ငှားရမ်းလုပ်ကိုင်ရန် အခက်အခဲများကြောင့် ဆက်လက်ရပ်တည်နိုင်စွမ်းမရှိသဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သဘောတူညီချက်ဖြင့် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်နေ့တွင် ပြန်လည်အပ်နှံခဲ့သည်။ ယင်းနောက်ပိုင်း၌ နိုင်ငံပိုင်စက်ရုံအနေဖြင့် ဆက်လက်ရပ်တည်ခဲ့ပြီး အိမ်သုံးစတီးလ်ပစ္စည်း ၅၅ မျိုး၊ ဆေးရုံသုံးစတီးလ်ပစ္စည်း ၁၄ မျိုး၊ စတီးလ်ပိုက် ၁၅ မျိုး၊ ဆေးရုံသုံးစတီးလ်ပရိဘောဂပစ္စည်း ၅၀ မျိုးနှင့်ပလတ်စတစ်ပစ္စည်း ၁၅ မျိုး၊ စုစုပေါင်းပစ္စည်း ၁၄၉ မျိုးထုတ်လုပ်လျက်ရှိသည်။ စက်ရုံအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ နိုဝင်ဘာလ၌ ငွေကျပ် (၁၅. ၅၉၅) သန်း၊ ဒီဇင်ဘာလ၌ ငွေကျပ် (၆၉. ၂၀၄) သန်း အမြတ်ရရှိထားသည်။



အိမ်သုံးပစ္စည်းစက်ရုံ (မင်းစု) မှထုတ်လုပ်သည့် ဆေးရုံသုံးနှင့် အိမ်သုံးစတီးလ်ပစ္စည်းများ

ကျွန်တော်တို့အဖွဲ့ရောက်တော့ ဝန်ထမ်းများက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှမှာယူထားသည့် ခွဲစိပ်ခန်းသုံးပစ္စည်းများနှင့် ဆေးရုံသုံးပရိဘောဂများကို အားကြိုးမာန်တက်တပ်ဆင်ထုတ်လုပ်နေကြသည်ကို မြင်တွေ့ရသည်။

'စက်ရုံအနေနဲ့ Auto Clave (Small)၊ Medicine Trolley၊ Dressing Trolley၊ Child Bed၊ Baby Cot၊ Patient Bed (B-Type)၊ Exam Bed (ရိုးရိုး)၊ Exam Bed (ခေါင်းထောင်) နှင့် Drip Stand တို့ကို အားကစားနှင့်ကျန်းမာရေးဝန်ကြီးဌာနရဲ့ အမှာစာအရထုတ်လုပ်နေပါတယ်။ စုစုပေါင်းတန်ဖိုးငွေကျပ် (၅၀၈. ၈၂၉) သန်းရှိပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မကုန်မီပြီးစီးအောင်နဲ့ အချိန်မီပေးပို့နိုင်အောင် ဝန်ထမ်းအားလုံးကြိုးစားနေတာ မြင်တဲ့အတိုင်းပါပဲ' ဟု စက်ရုံမှူးက စက်ရုံအတွင်းလှည့်လည်ရှင်းလင်းပြသရင်းပြောသည်။




အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု) မှထုတ်လုပ်သည့် ပလတ်စတစ်ပစ္စည်းများ

ဤအမှာစာအရအတိုင်းဆိုလျှင် စက်ရုံအနေဖြင့် အကျိုးအမြတ်မဆိုးလှ။ ဝန်ကြီးဌာနအချင်းချင်းပူးပေါင်းဆောင်ရွက်မှုက အချိန်တိုအတွင်း အဘယ်မျှအရာရောက်ခရီး ပေါက်သည်ဆိုသည်ကိုလည်း ကျွန်တော်တွက်ဆမိ၍ အောင်မြင်မှုရောင်ခြည်ထွန်းတောက်လာမည်ကို မြင်ယောင်နေမိသည်။ ယင်းနှင့်ဆက်စပ်၍ တစ်ချိန်ကအဖြစ်အပျက်ကလေးတစ်ခုကိုလည်း စိတ်အတွေးကရောက်သွားသည်။

ထိုစဉ်က ကျွန်တော်တို့ဝန်ကြီးဌာန၌ မီဒီယာများနှင့်တွေ့ဆုံပွဲတစ်ခုလုပ်သည်။ ဝန်ကြီးဌာန၏ထုတ်ကုန်များ၊ အရှုံးအမြတ်အခြေအနေများနှင့်ပတ်သက်သည့် အသိပေးရှင်းလင်းပွဲဖြစ်သည်။ ဂျာနယ်လစ်တစ်ဦးက မေးခွန်းတစ်ခုမေးသည်။ 'ဝန်ကြီးဌာနရဲ့ ထုတ်ကုန်တွေကို ကိုယ့်အစိုးရအဖွဲ့ ဝန်ကြီးဌာနအချင်းချင်းရောင်းမယ်ဆိုရင် မရဘူးလား' ဟူ၍ဖြစ်သည်။ ထိုအချိန်က အခြားဝန်ကြီးဌာနတစ်ခုက ပြည်ပချေးငွေရယူ၍ ထိုငွေဖြင့်ပင် လယ်ယာသုံးစက်ကိရိယာများကို ပြည်ပကုမ္ပဏီများထံမှဝယ်ယူ၍ လယ်သမားများအား အရစ်ကျရောင်းချပေးနေသည်။ ကျွန်တော်တို့ စက်မှုဝန်ကြီးဌာနကလည်း ဤကဲ့သို့လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်နေ

**စာမျက်နှာ ၆ သို့ -**

**စာမျက်နှာ ၅ မှ -**

ခြင်းဖြစ်ရာ ဘာ့အတွက်မဝယ်ရသနည်းဆိုသည့် မေးခွန်းထွက်လာခြင်းဖြစ်မည်။

'ကျွန်တော်တို့ကတော့ ထုတ်လုပ်နေတာပါပဲ။ ဝယ်တာ၊ မဝယ်တာကတော့ သူ့အပိုင်းပါ' ဟု တာဝန်ရှိသူကဖြေသည်။ ထိုရှင်းလင်းပွဲသို့ ကျွန်တော်ကိုယ်တိုင်တက်ရောက်နားထောင်ခဲ့ရခြင်းဖြစ်ရာ ကိုယ့်အစိုးရ၊ ကိုယ့်ဝန်ကြီးဌာနအချင်းချင်း ဈေးကွက်လိုအပ်ချက်နှင့်အညီ ဘာလို့ပူးပေါင်းဆောင်ရွက်မှုမရှိသလဲဆိုသည့် စိတ်ခံစားချက်နှင့် အောင့်သက်သက်ဖြစ်ခဲ့ရသည်။ တစ်ဖက်မှပြန်စဉ်းစားမိတော့လည်း ဖြေသိမ့်၍ရသည်။ အဆိုပါအခြားဝန်ကြီးဌာနအနေဖြင့် တာဝန်ခံ၍ပြည်ပဈေးငွေရယူထားခြင်းဖြစ်ရာ သူ့အနေဖြင့်အရည်အသွေးကောင်း၊ စွမ်းဆောင်ရည်ရှိမည်ဟုထင်ရသည့် ပြည်ပမှစက်များကိုမှာယူကာ အရစ်ကျရောင်းချပေးခြင်းမှာ လယ်ယာကုန်ထွက်ကောင်း၍ ချေးငွေမှန်မှန်ပြန်ဆပ်နိုင်ရန်ဖြစ်လိမ့်မည်။ စက်များမကောင်း၍ လယ်ယာကုန်ထွက်မကောင်းပါက လယ်သမားထံမှအချိန်မီငွေပြန်မရ။ ဤသို့ဆိုလျှင် အဆိုပါဝန်ကြီးဌာနအနေဖြင့် ပြည်ပချေးငွေပြန်ဆပ်ရာ၌ တစ်စုံတစ်ရာအခက်အခဲရှိနိုင်သည်။ Customer Right ကို သူကအပြည့်အဝအသုံးချသွားသည်။ ဝန်ကြီးဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုဆိုသည်ကလည်း စီးပွားရေးအရဆိုလျှင် ပြောသလောက်မလွယ်။ မိမိထုတ်သည့်ထုတ်ကုန်၏ အရည်အသွေးနှင့်စွမ်းဆောင်နိုင်မှုအပေါ် အာမခံချက်အပြည့်အဝပေးနိုင်သည်နှင့်အမျှ ပူးပေါင်းဆောင်ရွက်မှုက လိုက်ပါလာမည်ဖြစ်သည်။ ဤအတွေးတွေက ကျွန်တော်၏ပုဂ္ဂလိကအတွေးမျှသာဖြစ်သည်။

'ကျွန်တော်တို့ စက်ရုံထုတ်ပစ္စည်းရဲ့အမှတ်တံဆိပ်က Tiger အမှတ်တံဆိပ်ပါ။ အခြားပစ္စည်းများနဲ့ဈေးကွက်မှာ အရည်အသွေးယှဉ်နိုင်ပါတယ်' ဟု စက်ရုံမှူးကရဲရဲဝံ့ဝံ့ပြောသည်။ သူပြောတာ မှန်ပေလိမ့်မည်။ ထုတ်ကုန်ပစ္စည်းပြခန်းအတွင်း ခင်းကျင်းပြသထားသော စတီးလ်ပစ္စည်းများကို ကျွန်တော်အနီးကပ်ကိုင်တွယ်လေ့လာခွင့်ရခဲ့သည်။ စတီးလ်သားကောင်းမွန်၍ အထူအပါးမှန်ကန်ပြီးလေးလံမှုရှိကာ လက်ရာသေသပ်မှုရှိသည်က အမှန်ပင်ဖြစ်သည်။ သို့သော် Tiger အမှတ်တံဆိပ်က ဈေးကွက်ပေါက်အောင် ကြော်ငြာမှုအားနည်းနေသေး၍ထင့်။ ကျွန်တော့်နေအိမ်မှ ဇနီးသည်ဝယ်ယူထားသော စတီးလ်ပစ္စည်းများက အခြားအမှတ်တံဆိပ်များသာဖြစ်နေပြီး Tiger အမှတ်တံဆိပ်နှင့်တော့ အတော့်ကိုကွာခြားသည်။ နေအိမ်ပြန်ရောက်လျှင်တော့ Tiger အမှတ်တံဆိပ်စတီးလ်ပစ္စည်းကိုသာရှာဖွေဝယ်ယူဖို့ ဇနီးသည်ကိုအကြံပြုရပေဦးမည်။

အိမ်သုံးပစ္စည်းစက်ရုံ (မင်းစု) ပြီးတော့ ကျွန်တော်တို့အဖွဲ့ အမှတ် (၃၃) အကြီးစားစက်ရုံ (ကျောက်ဆည်) အဆင်မြင့်မီးခံအုတ်ထုတ်လုပ်ရေးဌာနဘက်သို့ ခြေဦးလှည့်ခဲ့သည်။ ထိုစက်ရုံက စက်မှုဝန်ကြီးဌာန အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်းကြီးကြပ်မှုအောက်တွင်ရှိသည်။ ကျောက်ဆည်မြို့အရှေ့ဘက် ၅ မိုင် ၃ ဖာလုံခန့်အကွာတွင်တည်ရှိပြီး စက်ရုံအကျယ်အဝန်းက ၄၉.၉၇ ဧကရှိသည်။ ၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် စက်ရုံကိုစတင်တည်ဆောက်ခဲ့ပြီး ၂၀၀၅ ခုနှစ်၊ မေလ ၃၁ ရက်နေ့တွင် စက်စမ်းသပ်လည်ပတ်ခဲ့သည်။

စက်မှုဝန်ကြီးဌာနလက်အောက်ရှိ ဘိလပ်မြေစက်ရုံ ၃ ရုံအတွက် လိုအပ်သောမီးခံအုတ်နှင့်မီးခံကျောက်မှုန့်များ အဓိကထုတ်လုပ်ပေးနိုင်ရန်နှင့် ပုဂ္ဂလိကဘိလပ်မြေစက်ရုံများ၏ စက်မှုလုပ်ငန်းသုံးမီးဖိုများအတွက်လည်း လိုအပ်ပါကထုတ်လုပ်ရောင်းချနိုင်ရန်ရည်ရွယ်၍ ဤစက်ရုံကိုတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

'လုပ်ငန်းသဘာဝအရ ဘိလပ်မြေစက်ရုံတွေကို ကျောထောက်နောက်ခံပြုတည်ဆောက်ခဲ့တာဖြစ်လို့ ဘိလပ်မြေစက်ရုံများရဲ့ထုတ်လုပ်မှုနဲ့ ဒီစက်ရုံရဲ့ထုတ်လုပ်မှုက တိုက်ရိုက်အချိုးကျနေတယ်' ဟုစက်ရုံတာဝန်ခံကပြောပြ၍ မှတ်သားမိသည်။

ကျောက်ဆည်စက်မှုနယ်မြေအတွင်း၌ စက်မှုဝန်ကြီးဌာန၏စက်ရုံအလုပ်ရုံစုစုပေါင်း (၁၁) ရုံရှိရာ ဆေးဝါးစက်ရုံ (အင်ရောင်း)၊ အိမ်သုံးပစ္စည်းစက်ရုံ (မင်းစု) နှင့် အဆင့်မြင့်မီးခံအုတ်ထုတ်လုပ်ရေးဌာနတို့မှာ နိုင်ငံတော်ပိုင်စက်ရုံများဖြစ်ပြီး အမှတ် (၉) အထည်စက်ရုံ (ကျောက်ဆည်) ကို Magic Link Trading Co.,Ltd. သို့ (၁. ၆. ၂၀၁၄) ရက်နေ့တွင်လည်းကောင်း၊ ဖိနပ်စက်ရုံ (ကျောက်ဆည်) ကို ရီဗားကုမ္ပဏီလီမိတက်သို့ (၁. ၉. ၂၀၁၂) ရက်နေ့တွင်လည်းကောင်း၊ စက်ဘီးစက်ရုံ (ကျောက်ဆည်) ကို Win & Win Co.,Ltd. သို့ (၁. ၅. ၂၀၁၃) ရက်နေ့တွင်လည်းကောင်း၊ အပ်ချုပ်စက်ရုံ (ကျောက်ဆည်) ကို စိန်ရွှေအောင်မြင်ကုမ္ပဏီလီမိတက်သို့ (၁. ၉. ၂၀၁၃) ရက်နေ့တွင်လည်းကောင်း၊ သောက်ရေသန့်စက်ရုံခွဲ (ကျောက်ဆည်) ကို ရွှေစင်နန်းတော်ထရေးဒင်းသို့ (၃၁. ၁. ၂၀၁၆) ရက်နေ့တွင်လည်းကောင်းငှားရမ်းခဲ့ပြီး အမှတ် (၃၆) အကြီးစားစက်ရုံ (ကျောက်ဆည်) ကို International Glass Co.,Ltd. သို့ ငှားရမ်းဆောင်ရွက်နိုင်ရေးအတွက် (၁၆. ၈. ၂၀၁၆) ရက်နေ့တွင် AoD အကြိုဆွေးနွေးသဘောတူညီထားကာ အမှတ် (၃၃) အကြီးစားစက်ရုံ (ကျောက်ဆည်) ကို Myanmar Conch Cement Co.,Ltd. နှင့် (၁၄. ၂. ၂၀၁၅) ရက်နေ့မှစ၍ အကျိုးတူဆောင်ရွက်လျက်ရှိပြီး ပလပ်စတစ်စက်ရုံ (ကျောက်ဆည်) ကိုမူ ပုဂ္ဂလိကသို့ ငှားရမ်းနိုင်ရေးစီမံဆောင်ရွက်နေဆဲဖြစ်သည်။


နိုင်ငံပိုင်စက်ရုံများနှင့်ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်မှုများအရ လုပ်ငန်းတိုးတက်မှုအခြေအနေကို လက်တွေ့ကွင်းဆင်း၍ ညှိနှိုင်းစစ်ဆေးရန် ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် စက်မှုဝန်ကြီးဌာနဝန်ကြီးနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီးတို့သည် ကျောက်ဆည်စက်မှုနယ်မြေသို့ ညနေပိုင်းတွင်ရောက်ရှိခဲ့ကြပြီးရှုရပ်မှနေ၍ ကျောက်ဆည်စက်မှုနယ်မြေရှိစက်ရုံများအား ကြည့်ရှုလေ့လာကြရာ ကျွန်တော်လည်းမလှမ်းမကမ်းမှ မှတ်တမ်းဓာတ်ပုံရိုက်ယူပြီး စက်မှုနယ်မြေကိုကြည့်မိသည်။ ရှုရပ်ကုန်းမှနေ၍ ကျောက်ဆည်စက်မှုနယ်မြေကို အပေါ်စီးမှကွက်ကွက်ကွင်းကွင်း မြင်နေရသည်။



ကျောက်ဆည်စက်မှုနယ်မြေရှိ တစ်နေ့တန် ၁၃၀ ကျ မှန်စက်ရုံ

'ဒီဘက်ကစက်ရုံကြီးက မှန်စက်ရုံပါ၊ ဒီစက်ရုံကြီးဆောက်ဖို့ကုန်ကြမ်းဖြစ်တဲ့ ကုန်းတွင်းပိုင်းသဲရဖို့နေရာအတော်များများက သဲနမူနာ ၁၀၀ ကျော်ကို စမ်းသပ်ခဲ့ပါတယ်။ ကျောက်ဆည်မြို့နယ်က ယင်းစွဲတောင်နဲ့ပုရစ်တောင်ကသဲက ရာနှုန်းပြည့်နီးပါး မှန်ချက်လုပ်နိုင်ကြောင်းစစ်ဆေးတွေ့ရှိရလို့ ယင်းစွဲတောင်အနီးမှာ စက်ရုံဆောက်ဖြစ်ခဲ့တာပါ' ဟု တာဝန်ရှိသူတစ်ဦးက စက်ရုံကြီးကိုညွှန်ပြပြီး သတင်းစကားပါးလာသည်။

'စက်ရုံစဖွင့်ခဲ့တာက ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့ပါ။ ထုတ်လုပ်မှုစရိတ်၊ သဘာဝဓာတ်ငွေ့ဖိုးကုန်ကျစရိတ်တွေ မြင့်မားတာကြောင့်စက်ရုံက အကျိုးအမြတ်နည်းခဲ့ပါတယ်။ Public-Private-Partnership (P-P-P) အစိုးရနှင့်ပုဂ္ဂလိက အကျိုးတူ ပူးပေါင်းကာနှစ်ရှည်ငှားရမ်းဖို့စီစဉ်ခဲ့ရာမှာ International Glass Co.,Ltd. နဲ့ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့က အကြိုသဘောတူဆွေးနွေးခဲ့ပြီး ကုမ္ပဏီအနေနဲ့ လိုအပ်တဲ့ပြင်ဆင်မှုတွေ၊ စက်အစားထိုးလဲလှယ်တပ်ဆင်မှုတွေ လုပ်နေပါတယ်။ စက်ရုံအနေနဲ့ Float Glass (ရိုးရိုးမှန်အကြည်)၊ Tempered Glass (အားဖြည့်မှန်)၊ Laminated Glass (လွှာထပ်မှန်)၊ Mirror (ကြည့်မှန်) စတဲ့မှန်အမျိုးမျိုးကို တစ်နေ့ တန် (၁၃၀) လောက် ထုတ်နေပါတယ်။ ဒါ့အပြင် ကျွန်းကနုတ်တိုင်နဲ့ (၃) ဆင့်မှန်စားပွဲအသေး/အကြီး၊ (၂) ဆင့်မှန်စားပွဲအကြီး၊ (၃) ဆင့်ထောင့်စားပွဲတွေ၊ ယွန်းအနီ/အနက်တိုင်နဲ့ (၂) ဆင့်မှန်စားပွဲ အသေး/အကြီး၊ (၃)ဆင့်မှန်စားပွဲ အသေး/အကြီးတွေကို ဒီဇိုင်းဖော်ထုတ်လုပ်ပြီး ဈေးကွက်ထိုးဖောက်ဖို့ကြိုးစားနေပါတယ်။ အောင်မြင်မှုအရိပ်အယောင်တွေလည်း မြင်နေရပါပြီ' ဟု ၎င်းကဆက်လက်ပြောသည်။




သူပြောတာဖြစ်နိုင်ပါသည်။ ငှားရမ်းကုမ္ပဏီအနေဖြင့် အချိန်တိုကာလအတွင်း သူ၏ရင်းနှီးမြှုပ်နှံငွေသုံးပုံတစ်ပုံကို ပြန်လည်ရရှိနေပြီဖြစ်ကြောင်းကြားသိရသဖြင့် ကုမ္ပဏီ၏စွမ်းဆောင်နိုင်မှုအရည်အချင်းကိုလည်း လေးစားချီးကျူးမိပါသည်။ ယခင်က မှန်စားပွဲများအား စတီးလ်တိုင်များဖြင့်သာ ကျွန်တော်မြင်တွေ့ခဲ့ဖူးသည်။ ယခုမြန်မာမှုလက်ရာဒီဇိုင်းသစ်ဖြင့် တီထွင်ဆန်းသစ်ထားသောမှန်စားပွဲများက ဟိုတယ်များနှင့်နေအိမ်ဧည့်ခန်းအသီးသီးတို့၌ ပဏာရစွာနေရာယူလာတော့မည်ကို မြင်ယောင်နေမိပါသည်။

'ဟိုး. . . က ခေါင်မိုးအနီကြီးနဲ့က ဘိလပ်မြေစက်ရုံလေ' ဟု အဆိုပါပုဂ္ဂိုလ်က စကား


**စာမျက်နှာ ၇ သို့ -**

စာမျက်နှာ ၆ မှ -

ဆက်လာသဖြင့် ကျွန်တော့်အတွေးစရပ်သွားပြီး သူညွှန်ပြရာကိုကြည့်လိုက်မိသည်။ အကြီးကြီးပါလား၊ စက်ရုံဒီဇိုင်းကလည်းခပ်ဆန်းဆန်းမို့စိတ်ဝင်စားမိသည်။

'သူကတော အခုဘယ်ကုမ္ပဏီနဲ့လုပ်နေလဲ' ယခင်ကနိုင်ငံတော်ပိုင် တစ်နေ့တန် ၄၀၀ ကျ စက်ရုံဆိုတာတော့ကျွန်တော်သိထားသည်။ ဒီနောက်ပိုင်းကုမ္ပဏီတစ်ခုနှင့် အကျိုးတူဆောင်ရွက်နေကြောင်း ကြားသိရသဖြင့်စူးစမ်းမိလိုက်သည်။

'အရင်စက်ရုံစဖွင့်တဲ့ ၂၀၀၁ ခုနှစ်လောက်ကတော့ တစ်နေ့တန် ၄၀၀ ကျပါ။ နှစ်တွေကြာလာတော့ စက်စွမ်းအားကျ၊ ထုတ်လုပ်မှုက နည်း၊ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းက လျော့၊



ကျောက်ဆည်စက်မှုနယ်မြေရှိ တစ်နေ့တန် ၅၀၀၀ ကျ ဘိလပ်မြေစက်ရုံ

စရိတ်စကတွေကကြီးဆိုတော့ ၂၀၁၃ ခုနှစ်မှာ တစ်နေ့တန် ၅၀၀၀ ကျ စက်ရုံတိုးချဲ့တည်ဆောက်ဖို့တင်ဒါခေါ်ခဲ့တယ်။ ပြည်တွင်း/ပြည်ပကုမ္ပဏီ ၄၀ ကျော်ထဲက Myanmar Conch Cement Co,Ltd. ကအရွေးခံရပြီး ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့မှာ စာချုပ်ချုပ်ခဲ့တယ်။ ဒီကုမ္ပဏီက တရုတ်ပြည်မှာ ဘိလပ်မြေထုတ်လုပ်မှုအဆင့် (၁) ရှိတဲ့ Abhui Conch Co.,Ltd. နဲ့ဖက်စပ်လုပ်ထားတာ၊ နည်းပညာမြင့်တယ်၊ ဘိလပ်မြေထုတ်လုပ်မှုစနစ်က ကမ္ဘာမှာ အဆင့်မြင့်ဆုံး နောက်ဆုံးမျိုးဆက်နည်းပညာအသုံးပြုထားတာ။ တစ်နေ့တန် ၅၀၀၀ ကျ စက်ရုံအဖြစ် ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့မှာဖွင့်လှစ်ခဲ့ပါတယ်။ အကျိုးတူဖြစ်လို့ ဝန်ကြီးဌာနအနေနဲ့ ထုတ်ကုန်ခွဲဝေမှုအချိုး ၅ ရာခိုင်နှုန်း၊ ပုံမှန်တစ်လကို ဘိလပ်မြေ (၆,၉၅၈) တန်ရမှာပါ။ ဒီစီမံကိန်းမှာ နိုင်ငံတော်ကငွေကြေးစိုက်ထုတ်ရမှုမရှိဘဲ ကုမ္ပဏီဘက်ကသာ ကျခံရတာပါ' ဟု စိတ်ရှည်လက်ရှည်ရှင်းပြသည်။




ကျောက်ဆည်ဘိလပ်မြေစက်ရုံမှထုတ်လုပ်သည့် "အရည်အသွေးမြင့် ALPHA အမှတ်တံဆိပ်ဘိလပ်မြေ"

ကျွန်တော်တို့အဖွဲ့ရှုရပ်သို့အလာလမ်း၌ ဘိလပ်မြေအိတ်တင်ဆောင်လာသော ကားကြီးများတွေ့မြင်ခဲ့ရသလို စက်ရုံဝန်းထဲမှာလည်း ဘိလပ်မြေအိတ်တွေတင်ထားတဲ့ ၁၂ ဘီးကားကြီးတွေ၊ ပစ္စည်းတင်ဖို့စောင့်နေတဲ့ကားတွေ အစီး ၃၀ ကျော်လောက်တွေ့မြင်ရရာ စက်ရုံ၏ထုတ်လုပ်နိုင်စွမ်းအားနှင့် ဈေးကွက်ထိုးဖောက်နိုင်မှုအစွမ်းအစတို့အား တွက်ဆနေမိသည်။

ကိုယ့်ဝန်ထမ်းတွေ၊ ပုဂ္ဂလိကအဖွဲ့အစည်းတွေ၊ ကုမ္ပဏီတွေ ယခုကဲ့သို့စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်တက်ညီလက်ညီဆောင်ရွက်နေတာ မြင်တွေ့ရ၍ဝမ်းသာဂုဏ်ယူနေမိသည်။ အောင်မြင်ကြပါစေဟု ဆုတောင်းမိသလို၊ အောင်မြင်မှာပါဟုလည်း ယုံကြည်မိသည်။

ပြည်ထောင်စုဝန်ကြီး (၂) ဦးက စက်မှုနယ်မြေကိုကြည့်ရှုလေ့လာပြီးနောက် အမှတ် (၃၆) အကြီးစားစက်ရုံ (ကျောက်ဆည်) ၏ရှင်းလင်းဆောင်အတွင်း စက်ရုံမှတာဝန်ရှိသူများ၊ အကျိုးတူငှားရမ်းဆောင်ရွက်မည့် International Glass Co.,Ltd. မှတာဝန်ရှိသူများအား တွေ့ဆုံ၍လုပ်ငန်းဆိုင်ရာများ အကြံပြုတိုက်တွန်းအားပေးစကားပြောကြားခဲ့သည်။ ထို့နောက် အိမ်သုံးပစ္စည်းစက်ရုံ (မင်းစု)နှင့် ဆေးဝါးစက်ရုံ (အင်ရောင်း) သို့ရောက်ရှိကြည့်ရှုလေ့လာပြီး လုပ်ငန်းဆိုင်ရာများအကြံပြု၍ ဈေးကွက်သုတေသနပြုရန်နှင့် ကျယ်ကျယ်ပြန့်ပြန့်ကြော်ငြာပြီး ဈေးကွက်ဝင်ပစ္စည်းအမျိုးမျိုးကို စူးစမ်းထုတ်လုပ်ကြရန်မှာကြားခဲ့ကြသည်။

အနော်ရထာမင်းလက်ထက်က ကျောက်ဆည်မြို့သည် လယ်တွင်းကိုးခရိုင်၏အရေးပါသည့်မြို့တစ်မြို့ဖြစ်ခဲ့ပြီး လယ်ယာစီးပွားကြီးထွားရေးအတွက်ကိုလည်း အထောက်အပံ့ဖြစ်စေခဲ့သည်။ ထိုခေတ်ထိုအချိန်က တိုင်းသူပြည်သားများက ကျောက်ဆည်မြို့ကို အရောင်တင်သမိုင်းဝင်စေခဲ့သလို ယခုကျွန်တော်တို့ခေတ်၌လည်း ကျောက်ဆည်နယ်မြေ၌ စက်ရုံအလုပ်ရုံများတည်ဆောက်ထားပြီးဖြစ်၍ စက်မှုကဏ္ဍဖြင့် အရောင်တင်သမိုင်းဝင်စေရပါဦးမည်။

စက်ရုံနယ်မြေမှအပြန် စီးလာသည့်မော်တော်ယာဉ်စက်သံနှင့်အတူ တူထုသံ၊ စက်မောင်းသံ၊ ဝန်ထမ်းတို့၏လှုပ်ရှားမှုအသံတို့က စည်းချက်ညီစွာကျွန်တော့်အာရုံကို ဖမ်းစားလျက်ရှိနေသလို 'စက်မှုသမိုင်းသစ်' တင်ရမည့်အခြေအနေကောင်းများကိုလည်း 'မီးရှူးတန်ဆောင်' သဖွယ် ***"Beacon of Industry"*** အဖြစ်ထွန်းလင်းတောက်ပစွာ မြင်တွေ့နေမိပါတော့သည်။

**ကျော်လှိုင် (စက်မှု)**

## စက်မှုဝန်ကြီးဦးခင်မောင်ချိုအား ရုရှားနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ ဧည့်သည်အဖွဲ့များလာရောက်တွေ့ဆုံ

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုအား ရုရှားနိုင်ငံ NORREXIMRUS မှ Executive Director Mr.Igor Simonov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီလ ၂၅ ရက်နေ့ နံနက် ၉ နာရီခွဲတွင်လည်းကောင်း၊ အိန္ဒိယနိုင်ငံ ESCORTS Agri Machinery Co.,Ltd. မှ Marketing Director Mr.Hardeep Singh Bhasin ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တို့သည် နံနက် ၁၀ နာရီခွဲတွင်လည်းကောင်း ဝန်ကြီး၏ဧည့်ခန်းမ၌ သီးခြားစီလာရောက်တွေ့ဆုံသည်။

NORREXIMRUS ကုမ္ပဏီနှင့်တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၌ Oil & Gas Industry တွင် ရင်းနှီးမြှုပ်နှံမှု၊ Power Transmission and Distribution Line များတည်ဆောက်လိုမှု၊ Industrial Waste နှင့် Water Treatment Plant များတည်ဆောက်လိုမှုတို့နှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်။

ESCORTS Agri Machinery Co.,Ltd. နှင့်တွေ့ဆုံရာတွင် လယ်ထွန်စက်၊ ခြွေလှေ့စက်၊ ရိတ်သိမ်းစက်နှင့် Farming Truck စသည့် အဆင့်မြင့်လယ်ယာသုံးယာဉ်နှင့် စက်ကိရိယာများ ထုတ်လုပ်ရာတွင် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

စာမျက်နှာ ၂ မှ -

ပညာများကိုထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် မြန်မာမှုပြု၍ပြည်သူလူထုကို တိုက်ရိုက်အကျိုးရှိမည့် လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကိုဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံတကာမှနည်းပညာများ လာရောက်ဖြန့်ဝေပေးနေသည့်အတွက် အင်္ဂလိပ်စာနှင့် IT နည်းပညာများကိုပါ ကျွမ်းကျင်တတ်မြောက်အောင် လေ့လာသင်ယူထားရန်လိုကြောင်း၊ စစ်ဆေးရေးလုပ်ငန်းများအတွက် အသုံးပြုသည့်အထောက်အကူပြုပစ္စည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာအသုံးပြုတတ်စေရန် လေ့ကျင့်သင်ယူထားရန်လိုကြောင်း၊ လျှပ်စစ်နှင့်ပတ်သက်၍ ဓာတ်လိုက်မှု၊ ပေါ့ဆမှု၊ မီးလောင်မှုများမဖြစ်စေရန် စနစ်တကျစစ်ဆေးပေးရန်လိုကြောင်း၊ ထို့အတူ ဘွိုင်လာများကိုလည်း အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်သည်အထိ အသေးစိတ်စနစ်တကျစစ်ဆေးပေးရန်လိုကြောင်း၊ ဌာနရှိဝန်ထမ်းအနေဖြင့် ပြည်သူနှင့်တိုက်ရိုက်ထိတွေ့ဆက်ဆံနေရသဖြင့် ပြည်သူလူထုအတွင်း ထဲထဲဝင်ဝင်လေ့လာ၍ လိုအပ်သည့်အခက်အခဲများကို ကူညီဖြေရှင်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း လမ်းညွှန်မှာကြားပြီး ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အမှတ် (၆) အထည်စက်ရုံ (မုံရွာ) သို့ရောက်ရှိပြီး စက်ရုံအတွင်း ကုန်ထုတ်လုပ်မှုနည်းစဉ်အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်ရုံရေရှည်ရှင်သန်ရပ်တည်နိုင်ရေးအတွက် ဈေးကွက်ဝင်ပစ္စည်းကို ပိုမိုထုတ်လုပ်ရောင်းချနိုင်ရေး ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တီထွင်ဆန်းသစ်မှုများကို အမြဲတစေဆောင်ရွက်ရန်နှင့် နည်းပညာသစ်များရရှိရေးအတွက် တစိုက်မတ်မတ် လေ့လာသင်ယူနေရန်လိုကြောင်း၊ ယနေ့ခေတ်ကာလတွင် ပုဂ္ဂလိကထုတ်ကုန်များနှင့် အစိုးရထုတ်ကုန်များသည် ဈေးကွက်တွင် ယှဉ်ပြိုင်ရောင်းချရမည်ဖြစ်၍ ဈေးနှုန်းချိုသာပြီး အရည်အသွေးကောင်းမွန်သည့်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာစွာ ရိုးရိုးသားသားဖြင့် အဂတိကင်းအောင်နှင့်တက်တက်ကြွကြွဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

## သန်လျင်မြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်



ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ ၁၃၇၈ ခုနှစ် (၂၃၁၉) နှစ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို တပို့တွဲလဆန်း ၈ ရက်နေ့မှ တပို့တွဲလပြည့်ကျော် ၁ ရက်နေ့ (ဖေဖော်ဝါရီလ ၄ ရက်နေ့မှ ၁၂ ရက်နေ့အထိ) ကိုးရက်ကိုးည တိုင်တိုင် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ ဗုဒ္ဓပူဇနီယပွဲတော် လာရောက်သော ဘုရားဖူးပြည်သူများ အပန်းဖြေပျော်ရွှင်စေရန်အတွက် မြန်မာ့ရိုးရာခြင်းအလှခတ်ပွဲ၊ မျက်လှည့်ပြပွဲ၊ တိရစ္ဆာန်ပြပွဲများ၊ အငြိမ့်ဇာတ်သဘင်များဖြစ်သော ဟန်ဇာမိုးဝင်းဇာတ်သဘင်၊ ဖိုးချစ်ဇာတ်သဘင်၊ စွမ်းဇာနည်ဇာတ်သဘင်နှင့် မိုးကြိုးငှက်ငယ်၊ ကြည်လဲ့လဲ့ဦးပဒေသာကပွဲ၊ အမြင့်သဘင် (ရုပ်သေးအက) နှင့် ကလေး၊ လူကြီးပျော်ရွှင်စရာကစားနည်းများ ပါဝင်မည်ဖြစ်ပြီး ဆိုင်ခန်းပေါင်း ၁,၃၀၀ ကျော်နှင့် ဆိုင်ငယ်များစွာတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

**မြင့်မြတ်အောင်မြင့်**

## ရန်ကုန်တိုင်းဒေသကြီး အစိုးရစရိတ်ဖြင့် YBS ယာဉ်များတွင် GPS တပ်ဆင်ပေးမည်

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်သစ် ပြုပြင်ပြောင်းလဲမှုတွင် သတ်မှတ်လမ်းကြောင်းအတိုင်း မပြေးဆွဲသည့်ယာဉ်များကိုထိန်းချုပ်နိုင်ဖို့ အများပိုင် YBS ဘတ်စ်ကားယာဉ်များတွင် GPS စနစ်တပ်ဆင်ရန် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့က စီစဉ်နေကြောင်းသိရသည်။

အများပိုင် YBS ဘတ်စ်မော်တော်ယာဉ်များတွင် GPS တပ်ဆင်ပြီး သတ်မှတ်လမ်းကြောင်းအတိုင်းမပြေးသည့် မော်တော်ယာဉ်များကို သက်ဆိုင်ရာမြို့နယ်ရဲစခန်းများနှင့်ပူးပေါင်းဖမ်းဆီးဖို့ YRTA ကစီစဉ်နေကြောင်း မော်တော်ယာဉ်ပိုင်ရှင်များကို ကြိုတင်၍အသိပေးထားသည်ဟု စံဝေလအများပိုင်ကုမ္ပဏီ ဥက္ကဋ္ဌဦးသန်းလွင်ကပြောသည်။

ထိုသို့တပ်ဆင်ရာ၌ GPS တစ်ခုကို ငွေကျပ် ၂၅၀,၀၀၀ ခန့် ကျသင့်မည်ဖြစ်ပြီး ကုန်ကျစရိတ်ငွေများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကုန်ကျခံမည်ဖြစ်သည်။

အများပိုင် YBS ဘတ်စ်မော်တော်ယာဉ်များတွင် တပ်ဆင်ပေးထားသည့် GPS စက်များကိုဖျက်ဆီးလျှင် ဖျက်ဆီးသူများကို ပြည်သူပိုင်ပစ္စည်းဖျက်ဆီးမှုဖြင့် အရေးယူမည်ဖြစ်ပြီး၊ ယာဉ်လိုင်းပိုင်ရှင်တို့က ပျက်စီးသွားသော စက်တန်ဖိုးကိုပေးလျော်ရမည်ဖြစ်ကြောင်း သိရသည်။ ရန်ကုန်မြို့တွင်း ဘတ်စ်ကားသယ်ယူပို့ဆောင်ရေးစနစ်သစ်မှာ သတ်မှတ်စည်းကမ်းအတိုင်း လိုက်နာသည့်ယာဉ်လိုင်းများရှိသလို စည်းကမ်းချိုးဖောက်မှုတို့လည်း ရှိနေသောကြောင့် YRTA ရုံးကို နေ့စဉ် မေးမြန်းတိုင်ကြားမှု ၃၀၀ ကျော်ရှိနေကြောင်းသိရသည်။

**မြင့်မြတ်အောင်မြင့်**



## ပြည်နယ်နှင့်တိုင်းအသီးသီးရှိမြို့နယ်များတွင် Mister နှင့် Miss ပြိုင်ပွဲများကျင်းပမည်

Star & Model Agency တည်ထောင်သူ ကိုဂျွန်လွင်အနေဖြင့် ၂၅ နှစ်တိုင်တိုင်ခိုင်မာစွာရပ်တည်၍ မော်ဒယ်နှင့်သရုပ်ဆောင်များစွာ မွေးထုတ်စင်တင်ပေးလျက်ရှိရာ ယခု ၂၀၁၇ ခုနှစ်အတွင်း ပြည်နယ်နှင့်တိုင်းအသီးသီးရှိမြို့နယ်များမှ Mister & Miss လောင်းလျာများ ပေါ်ထွက်လာစေရန် ရည်ရွယ်ချက်ဖြင့် ပြိုင်ပွဲများကျင်းပ၍ ရွေးချယ်သွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါကျင်းပမည့် ပြိုင်ပွဲများကို Myanmar Star beauty pageant Organization မှ ဦးစီးဆောင်ရွက်မည်ဖြစ်ပြီး မြို့နယ်အလိုက် Regional City Director များ ခန့်အပ်သွားမည်ဖြစ်၍ ပါဝင်ပူးပေါင်းဆောင်ရွက်လိုသူများအနေဖြင့် Organization သို့ မှတ်ပုံတင်ကြေး ၇ သိန်းပေးသွင်း၍ မှတ်ပုံတင်ထားရှိရန်လိုအပ်ကြောင်း၊ မြို့ငယ်လေးများအတွက် မှတ်ပုံတင်ကြေး တစ်နှစ်စာ ၅ သိန်းပေးသွင်း၍ ဆောင်ရွက်နိုင်ကြောင်း National Director ဂျွန်လွင်မှပြောသည်။

မြို့နယ်များကရွေးချယ်ပေးလိုက်တဲ့ Mister & Miss လောင်းလျာတွေကို ကျွန်တော်အပါအဝင်နေရှင်နယ်ဒါရိုက်တာ ၃ ဦးက သက်ဆိုင်ရာ ပြိုင်ပွဲနဲ့သင့်လျော်မယ့်သူတွေကို အတည်ပြုရွေးချယ်မှာပါ။ ရွေးချယ်ခြင်းခံရတဲ့ မြန်မာနိုင်ငံကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်ခွင့်ရမယ့် Mister & Miss တွေရဲ့ ပြိုင်ပွဲဝင်ဝတ်စုံအပါအဝင်၊ ပြိုင်ပွဲကာလတစ်လျှောက် နေထိုင်သွားလာရေးနှင့်စားစရိတ်များကို Organization က အကုန်အကျခံပေးသွားမှာပါဟု ဇန်နဝါရီလ ၁၆ ရက်တွင် ပြုလုပ်သည့်အလှမောင်မယ်မိတ်ဆက်ပွဲ၌ ကိုဂျွန်လွင်မှပြောကြားခဲ့ကြောင်းသိရှိရသည်။

**မင်းထွဏ်း**




## မူးယစ်ဆေးဖြတ်လူနာ ပြန်လည်ထူထောင်ရေးစခန်း ဖွင့်လှစ်မည်

မူးယစ်ဆေးဖြတ်လူနာများ ပြန်လည်ထူထောင်သည့်အခါ အကူအညီပေးနိုင်ရန်နှင့် ၄င်းတို့အနေဖြင့် ခိုင်မာသောယုံကြည်ချက်များရရှိစေရန်ရည်ရွယ်၍ လူမှုဝန်ထမ်းဦးစီးဌာနက ရန်ကုန်မြို့၌ လူထုအခြေပြုဆေးဖြတ်လူနာပြန်လည်ထူထောင်ရေးစခန်းကို မတ်လတွင်စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနမှသိရသည်။

အဆိုပါစခန်းကို ရန်ကုန်မြို့၊ ချော်တွင်းကုန်းလမ်းဆုံရှိ ကမ္ဘာအေးလူငယ်သင်တန်းကျောင်းဝန်းအတွင်းဖွင့်လှစ်မည်ဖြစ်ပြီး စတင်ဖွင့်လှစ်သည့်အခါ ပထမဆုံးအနေဖြင့်ဆေးဖြတ်လူနာ ၂၀ ဦးကို ပြန်လည်ထူထောင်ရေးနှင့် ဆေးဖြတ်ကုသရေးလုပ်ဆောင်မှုများကို အချိန်တစ်လယူကာဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။ နောက်ပိုင်းတွင် အဆိုပါစခန်း၌ သုံးလတစ်ကြိမ်မူးယစ်ဆေးစွဲလူနာ ၂၀ ဦးကို အဖွဲ့တစ်ဖွဲ့စီအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ လုပ်ဆောင်ပေးမည်ဖြစ်သည်။ မူးယစ်ဆေးဖြတ်လူနာများအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ မလုပ်ဆောင်မီ ဒဂုံမြို့သစ် (အရှေ့ပိုင်း) ဆေးရုံ၌ ဆေးဖြတ်မှုကို နှစ်ပတ်ရှေးဦးစွာလုပ်ဆောင်ရမည်ဖြစ်ပြီး ယင်းစခန်းကို ဇန်နဝါရီလ ၅ ရက်နေ့က စတင်ပြင်ဆင်လျက်ရှိကြောင်းသိရသည်။ **ရန်ဖြိုးသိမ်း**

# မဖြစ်သေးဘူး---ဖြစ်နေပြီ

‘မကြည်မ ရှင်ထီပေါက်ရင် ဘာတွေလုပ်မလဲ။’

ဝန်ထမ်းအိမ်ရာ တစ်ခန်းကျော်က အလည်လာတဲ့မမျိုးက စကားစမြည်ပြောနေရင်းက မေးလိုက်တာပါ။

‘သိန်းတစ်ထောင့်ငါးရာသာ ပေါက်လို့ကတော့ သားအကြီးကောင်ကို ရှင်ပြုအလှူအကြီးအကျယ် လုပ်မယ်။ သမီးလေးကို သူကြိုက်တဲ့ အဝတ်အစားကောင်းတွေ ဝယ်ပေးပစ်မယ်။ ငါ့အမေနဲ့အဖေကိုတော့ အိမ်ခြံဝယ်ပေးမယ်အေ။ ဒါမှ သူတို့အိမ်ငှားဘဝကကျွတ်မှာ။ အိမ်ကဟာကြီးကိုတော့ ဆိုင်ကယ်လေးတစ်စီးပေါ့။ ဈေးသွားဘာသွားဆို စက်ဘီးနင်းနေရတာ သနားနေပြီ။ အဲ. . ပြီးတော့ ငါက



ရွှေတစ်ဆင်စာ ဝယ်ဝတ်ပစ်လိုက်ဦးမယ်။ ပြီးရင် ဟိုငွေတိုးချေးစားတဲ့အုန်းခင်တို့ရှေ့ အခါခါဖြတ်လျှောက်ပြပစ်မယ်။’

ပြောလည်းပြော ထိုင်ရာကထပြီး မျက်နှာကိုမော့ တုတ်ခိုင်နေတဲ့ခါးကို လက်နှစ်ဖက်နဲ့ ဟန်ပါပါထောက်ပြီး မာန်ပါပါလျှောက်အပြ ‘ဗြိ’ ဆိုဝတ်ထားတဲ့ လုံချည်အနွမ်းရဲ့အောက်စက ပြဲသွားပုံရပါတယ်။

‘တော်ပါတော့ မကြည်မရယ် အကုန်ကွဲသွားရင် မကြည့်ရဲလို့။’

‘နေဦးအေ့ မေ့နေတာ။ ငါထီပေါက်ရင် နင်တို့ကို ပေလီလိုက်ပို့ဦးမှာ သိလား။’

မစားရ ဝခမန်းပြောရင်းက ခင်းထားတဲ့ဖျာစုတ်ကလေးအပေါ် အသက် ၄၀ နဲ့မလိုက်တဲ့ ခန္ဓာကိုယ်ဝဝကြီးကို ဟန်ချက်ညီအောင်ထိန်းရင်း ထိုင်ချလိုက်တယ်။

‘အဲဒါသာကြည့်ပေတော့။ မိကြည်မ၊ ငါ့အပေါ် စေတနာရှိလား၊ မရှိလား ဆိုတာ ထီပေါက်ရင်တောင် လုပ်ပေးမယ့်အထဲမှာ ငါ့နာမည်မပါဘူး။’

မကြည်မရဲ့ယောက္ခမကြီး မဲ့ကာရွဲ့ကာ ဝင်ပြောလိုက်ခြင်းပါ။

‘ဒီမှာအန်တီ ဒါကျွန်မအပိုင်လေ။ ကျွန်မရတဲ့ငွေ ကျွန်မသဘောပါ။’

ယောက္ခမကို အန်တီပဲခေါ်လေ့ရှိတဲ့ မကြည်မက မဆိုင်းမတွပြန်ပြောလိုက်တယ်။

‘အေးလေ. . ငါကလည်းတွေးပြီးသားပါ။ နင်အဆင်ပြေတာနဲ့ ငါ့ကိုပြန်အာခံမယ်ဆိုတာ။ ငါ့သားပင်ပင်ပန်းပန်း ရှာကျွေးနေတာ ဇိမ်နဲ့စားလိုက်၊ အိပ်လိုက်၊ ပိုက်ဆံပြတ်ရင်တော့ ငါ့ရှိတာလေးတွေ ရောင်းခိုင်း၊ မိကြည်မ ဒါတောင် ငါ့အပေါ် စေတနာမရှိဘူး။’

ပြောရင်း မျက်ရည်တစ်ပေါက် တောက်ကနဲကျသွားတယ်။

‘ဒါကတော့ ရှင့်သားငတ်မှာစိုးလို့ ရောင်းကျွေးတာပဲလေ။ ကျွန်မကလည်း ဇွတ်မရောင်းခိုင်းခဲ့ပါဘူး။ ကျွန်မရှိတာလည်း ကုန်ပြီလေ။ ကျွန်မအိမ်ကဆင်ထားတဲ့ နားကပ်တောင်မရှိတော့ဘူး။’

လေသံက မာလာတယ်။

‘ငါက နင့်ထက်ဆိုးတယ်။ ဟိုတလောကပေါင်လိုက်ရတဲ့ ငါ့ခြံနဲ့အိမ် မရွေးနိုင်တော့ဘူး ဆုံးပြီလေ။ ငါ့ယောကျ်ားရှာပေးထားခဲ့တဲ့ အိမ်ခြံလေးကို ငါဘယ်လောက်မြတ်နိုးလည်း မသိဘူးလား။’

မျက်ရည်တွေ တွင်တွင်ကျရင်း ပြောနေတယ်။

မမျိုး ဘာဝင်ပြောလို့ ပြောရမလဲမသိ။ ထပြန်သွားလို့ကမဖြစ်။ သူစတဲ့ ထီဇာတ်လမ်းလေ။

‘ဟို မကြည်မရယ်၊ ကြီးကြီးစိန်ကို ပေးလိုက်ပါ။’

ယောင်တိယောင်ကန်း ဝင်ပြောမိသွားတယ်။

‘မပေးဘူး။ လုံးဝမပေးဘူး မမျိုး။ ဒီလိုလုပ်ပေးသမျှ ဂုဏ်ပြန်ဖော်တတ်တဲ့ ဒီအဘွားကြီးကို တစ်ပြားမှမပေးဘူး။ ရတဲ့ပိုက်ဆံအားလုံးကို သူတောင်းစားထည့်လိုက်တာမှ ကျေးဇူးတင်ခံရဦးမယ်။’

ဒေါ်ဖွားရွှေကလည်း အားကျမခံ-

‘ဟေ့ ဖွားရွှေတဲ့ဟေ့၊ တစ်ရွှေတည်းရှိတယ်။ နင့်ရှိတဲ့ဟာ သူတောင်းစားပေးရုံမကလို့ ခွေးပဲကျွေးကျွေး၊ မမျှော်ရေးချ မမျှော်။’

‘မမိုက်ရိုင်းပါနဲ့။ အသက်ကြီးပြီး တရားမရှိဘူး။’

‘ဟဲ့ နင်ကသာ စမိုက်ရိုင်းတာ။ စေတနာကမွဲသေး ရိုင်းတော့ဘာဖြစ်လဲ။’

မကြည်မ စိတ်တိုတိုနဲ့ရှေ့ကပန်းကန်လုံးကို တွန်းထုတ်လိုက်တယ်။

‘ခွမ်း’

‘ဟဲ့ မိုက်ရိုင်းမ၊ နင်ခွဲပစ်တာ ငါ့ပန်းကန်လုံးဟဲ့။’

‘ဒါဆိုလည်း ကျွန်မပစ္စည်း ကျွန်မလုပ်မယ်။’

အနီးနားက မှန်ကိုထုဖို့ သနပ်ခါးတုံးကောက်ကိုင်လိုက်ပြီး ရွယ်လိုက်ချိန်

‘ဒေါက်’

‘အမလေး သေပါပြီတော့။’

မမျိုးရဲ့အသံ။ နောက်ကနေဆွဲဖို့ပြေးလာတဲ့ မမျိုးရဲ့နဖူးကို နောက်ပြန်အလွဲ သနပ်ခါးတုံးနဲ့ထိသွားတာပါ။ မမျိုးလောကကြီးနဲ့ခဏ အဆက်အသွယ်ပြတ်သွားပါတယ်။ ထိလက်မှတ်တွေကြား မြောနေမိတယ်ထင်တာပဲ။

နောက်ပိုင်း မမျိုးလည်း ထီဆိုရင် နဖူးကိုပြန်စမ်းမိသလို ‘ထီပေါက်ရင် ဘာလုပ်မှာ’ ဆိုတဲ့ စပ်စပ်စုစု မေးခွန်းမျိုးတွေလည်း အရည်မရ၊ အဖတ်မရ မမေးဖြစ်တော့ပါဘူး။ သူ့ယောကျ်ားကတော့ သဘောတွေကျပေါ့။ မမျိုး အိမ်ကပ်သွားလို့လေ။

**သီဟဇော် (BI)**

# ပြည်ထောင်စုနေ့ အဓိဋ္ဌာန်

ပြောင်းလဲဖို့ ရည်သန်
အပြန်အလှန် ဆွေးထွေး။
တိုင်းပြည်ငြိမ်းချမ်းဖို့ရှုယ်
စုံညီဖလှယ် ဆွေးနွေး။

တိုင်းရင်းသားတို့ဓိဋ္ဌာန်
နှစ်ဆယ့်တစ်ရာစု ပင်လုံညီလာခံ
အမှန်အောင်မြင်နိုင်ရေး။
ဆွေးနွေးလို့ ဖလှယ်မယ်
အသွယ်သွယ် နိုင်ငံရေး။

ပြည်ထောင်စု ဇာတိမာန်
ကြံ့ခိုင်တဲ့ မျိုးချစ်သွေး။
ဘိုးဘေးဆွေ လက်တွဲလို့ရယ်
ဆင်နွှဲခဲ့ လွတ်လပ်ရေး။

ညီနောင်ဖွားတို့ ရင်ဝယ်
နာကျင်ခဲ့စစ်ဘေး။
ပေးဆပ်ခဲ့ သွေးအသက်တို့
ခေတ်အဆက်ဆက် နေ့ရက်ကြာရှည်
ပယ်ဖျက်ချိန်တန်ပြီလေး။

‘ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင်ကျရောက်မည့်
ပြည်ထောင်စုနေ့ဂုဏ်ပြုအမှတ်တရ’

**တင်ကြည်ဦး (စစ်ငြိမ်းအေး)**



# အရှေ့တောင်အာရှတွင် ဒုတိယအကြီးဆုံး ဆောက်လုပ်ရေးလုပ်ငန်းသုံးစင်တာကြီး ဖွင့်လှစ်




နိုင်ငံတကာဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို တစ်နေရာတည်း၌စုံလင်စွာရရှိနိုင်ပြီး အရှေ့တောင်အာရှတွင် ဒုတိယအကြီးဆုံးအိမ်ဆောက်ပစ္စည်းများ ဖြန့်ဖြူးရောင်းချနေသော Pro 1 Home Center ကို ဇန်နဝါရီလ ၂၁ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ အမှတ် (၂) လမ်းမကြီးရှိ သူနာပြုသင်တန်းကျောင်းအနီးတွင် ဖွင့်လှစ်လိုက်ကြောင်း သိရသည်။

Pro 1 Home Center ကြီးတွင် အာရှနိုင်ငံများ၊ ဥရောပနိုင်ငံများမှတင်သွင်းသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို ဖြန့်ဖြူးရောင်းချပေးနေပြီး ဆောက်လုပ်ရေးလုပ်ငန်းသုံး၊ အဆောက်အဦလုပ်ငန်းသုံး အဆောက်အဦတစ်ခုလုံးဆောက်လုပ်နိုင်သည့် ပစ္စည်းများအပြင် ပရိဘောဂပစ္စည်းများကိုပါ ရရှိနိုင်မည်ဖြစ်သည်။ ရန်ကုန်အရှေ့ပိုင်းမြို့နယ်တွေ သန်လျင်၊ ကျောက်တန်းစီမံကိန်းတွေအတွက် လိုအပ်တဲ့ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို အဆင်ပြေစွာရရှိနိုင်ရန်အတွက် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်တွင် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း Pro 1 Home Center ၏မန်နေဂျင်းဒါရိုက်တာ ဦးမျိုးထွေးကပြောသည်။

ယခုဖွင့်လှစ်သည့် Pro 1 Home Center မှဒေသခံများအတွက် အလုပ်အကိုင်ပေါင်း ၄၀၀ ကျော်ကို ဖန်တီးပေးနိုင်ခဲ့ပြီး Pro 1 Home Center များမှ ပြည်သူများအတွက် အလုပ်အကိုင်ပေါင်း ၁,၆၀၀ ကျော်ကို ဖန်တီးပေးထားနိုင်ကြောင်းသိရသည်။ ယင်းအပြင် မန္တလေးနှင့် မော်လမြိုင်မြို့တို့တွင် ဆောက်လုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အဆင်ပြေစေရန်အတွက် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**KMC**

# မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ကြီးမှူးကျင်းပသည့် Process & Products Show 2017 ပြသပွဲဖွင့်လှစ်

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း (Myanmar Engineering Society - MES) မှကြီးမှူး၍ မျိုးဆက်သစ်အင်ဂျင်နီယာ လူငယ်များ၏ စက်မှုတီထွင်ထုတ်လုပ်မှုပိုင်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် (Human Resource) H/R စွမ်းပကားများကို အရင်းတည်၍ပြသသည့် Process & Product Show 2017 ဖွင့်ပွဲကို ရန်ကုန်တိုင်းဒေသကြီး၊ ကြို့ကုန်းရှိ YIT အင်ဂျင်နီယာနည်းပညာတက္ကသိုလ်တွင် ဇန်နဝါရီလ ၁၃ ရက်နေ့၊ နံနက် ၈ နာရီက ကျင်းပရာ ပြပွဲကျင်းပရေးတာဝန်ရှိသူများဖြစ်ကြသည့် အင်ဂျင်နီယာကောင်စီနာယက Dr. စိန်မြင့်၊ MES အသင်းဥက္ကဋ္ဌ ဦးအောင်မြင့်၊ ဒုတိယဥက္ကဋ္ဌဦးမြင့်ဖေတို့က ဦးဆောင်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး၊ နာယကကြီးကဦးဆောင်ကာ ပြပွဲတာဝန်ရှိသူများလိုက်ပါ၍ အင်ဂျင်နီယာနည်းပညာကုမ္ပဏီနှင့် အင်ဂျင်နီယာနည်းပညာသင်တန်းကျောင်းများ၊ တိုင်းဒေသကြီးအတွင်းရှိ နည်းပညာတက္ကသိုလ်ကျောင်းပေါင်း ၄ ကျောင်းမှပြသထားသည့် အင်ဂျင်နီယာမျိုးဆက်သစ်လူငယ်များ၏ ပြခန်းပေါင်း ၆၀ ကျော်ကို ကြည့်ရှုလေ့လာ အားပေးခဲ့သည်။




ပြသထားသည့် အင်ဂျင်နီယာနည်းပညာဆိုင်ရာ ထုတ်ကုန်ပစ္စည်းများမှာ စက်မှုထုတ်ကုန်များ၊ Electronics ပစ္စည်းများ၊ ဆောက်လုပ်ရေးနှင့် အိမ်အလှဆင်ပစ္စည်းများ၊ စက်နှင့်စက်ပိုင်းဆိုင်ရာ အပိုပစ္စည်းများ၊ အင်ဂျင်နီယာနည်းပညာဆိုင်ရာထုတ်ကုန်ပစ္စည်းများ၊ ပညာရေးဝန်ဆောင်မှုနှင့် လေ့ကျင့်ရေးသင်တန်းကျောင်းများ စသည်ဖြင့်ဗဟုသုတဖြစ်ဖွယ်၊ ပညာရေးအကျိုးရှိဖွယ်များပြသထားရာ အဆိုပါပြပွဲကို ဇန်နဝါရီလ ၁၃ ရက်နေ့မှ ၁၅ ရက်နေ့အထိ ပြသခဲ့ကြောင်းသိရသည်။

**သန်းဦးလှိုင်**

# အိမ်တွင်းလက်မှုပညာသင်တန်းဖွင့်လှစ်

လူမှုဝန်ထမ်းဦးစီးဌာန၊ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်) တွင် အိမ်တွင်းလက်မှုပညာသင်တန်းအမှတ်စဉ် (၁/၂၀၁၇) ကို ဇန်နဝါရီလ ၉ ရက်နေ့တွင် စတင်ဖွင့်လှစ်သင်ကြားပေးနေပြီဖြစ်ကြောင်း ယင်းကျောင်းမှကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းစိုးကပြောသည်။ အဆိုပါပညာသင်ကျောင်းတွင် တစ်နှစ်လျှင် သင်တန်းရှစ်ကြိမ်ဖွင့်လှစ်သင်ကြားပေးပြီး သင်တန်းတစ်ခုလျှင် ရက်သတ္တခြောက်ပတ်ကြာသင်ကြားပေးနေခြင်းဖြစ်သည်။

ယင်းသင်တန်းကျောင်းအနေဖြင့် လက်မှုပညာစိတ်ဝင်စားသူများကို အိမ်တွင်းမှုပညာရပ်များဖြင့် ရပ်တည်နေထိုင်နိုင်စေရန်ရည်ရွယ်၍ သင်တန်း ၂၂ မျိုးကိုသင်ကြားပေးလျက်ရှိသည်။ မိန်းမဝတ် (လက်မနည်း)၊ မိန်းမဝတ် (စင်တီမီတာနည်း)၊ ပုံဆန်းသင်တန်း၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ၊ ဘောင်းဘီ၊ ဘော်လီ၊ ဘရာစီယာ၊ မြန်မာသတို့သမီးဝတ်စုံ၊ ဇာထိုးပန်းထိုး၊ စက်ကလေးပန်းထိုး၊ သစ်သီးယိုဆီစိမ်၊ မြန်မာအစားအစာမုန့်မျိုးစုံ၊ တရုတ်အစားအစာ၊ ပန်းအလှပြင်၊ ပန်းပွင့်၊ ပန်းခိုင်၊ သစ်သီးအလှပြင်သင်တန်း၊ ကိုရီးယားအစားအစာနှင့် လက်သည်းပန်းချီစသည့်သင်တန်းများကို သင်ကြားပေးလျက်ရှိသည်။

အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းတွင်တက်ရောက်လိုသူများသည် ဖုန်း- ၀၁-၅၃၆၂၈၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။

**ဝင်းမြင့်ဦး**

# မော်လမြိုင်ကျွန်းတွင် ဆန်စျေးအမြင့်ဖြင့် ဒေသခံများဝယ်စားနေရ

ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်တွင် စပါးစျေးမှာ ဇန်နဝါရီလပထမပတ်အထိ ကျဆင်းနေသော်လည်း ဆန်စျေးမှာတက်နေသဖြင့် ကြီးမြင့်စွာဝယ်ယူစားသုံးနေရကြောင်းသိရသည်။

'စပါးစျေးအထိုက်အလျောက်ကျလာတော့ ဆန်စျေးလည်းကျမယ်ထင်တာပေါ့။ စပါးစျေးကသာကျတာ ဆန်ကတော့ အတက်မှာပဲရှိတယ်။ အခုဆိုဆန်စျေးက ဘယ်အချိန်ရောက်ရောက်ကျကိုမလာတာ။ နောက်ရက်ဆို လယ်ယာလုပ်ငန်းတွေက ပြီးသွားပြီ။ ဆန်စျေးဆက်မတက်ဖို့ဘဲ ဆုတောင်းနေရတယ်' ဟု မော်လမြိုင်ကျွန်းဒေသခံ ဒေါ်စန်းစန်းငွေးကပြောသည်။

မော်လမြိုင်ကျွန်းမြို့နယ်အတွင်း မနောသုခစပါး၊ ဧရာမင်းစပါး၊ ဆင်းသုခစပါးနှင့် ဇီးဒိုးစပါး တို့မှာ တင်း ၁၀၀ လျှင် ကျပ် ၃၅၀,၀၀၀ မှ ၃၆၀,၀၀၀ သာ စျေးပေါက်လျက်ရှိသည်။ ဒေသတွင်း တောင်သူအများစုသည် စပါးကိုရောင်းကာ ဆန်ကိုပြန်ဝယ်စားလေ့ရှိကြပြီး ဆန်ထွက်မကောင်း၍ ကိုယ်တိုင်ကြိတ်ခွဲစားသူ နည်းကြောင်းသိရသည်။ ၂၀၁၆ ခုနှစ်အတွင်း ပေါ်ဆန်းမွှေးအချောဆန်တစ်အိတ်လျှင် ကျပ် ၂၈,၀၀၀၊ အကြမ်းဆန်တစ်အိတ်လျှင် ၂၁,၀၀၀ သာ စျေးပေါက်နေသော်လည်း ယခုနှစ်ဇန်နဝါရီလအတွင်း အချောဆန်တစ်အိတ်လျှင် ကျပ် ၃၃,၀၀၀၊ အကြမ်းဆန်တစ်အိတ်လျှင် ကျပ် ၂၆,၀၀၀ အထိ စျေးပေါက်နေကြောင်းသိရသည်။

**စံမျိုးထက်**

# မခမ်းနား၊ မထည်ဝါပေမယ့်လည်း

ဟန်နီဇော်

ဒီနေ့စနေနေ့ညနေ ၆ နာရီထိုးပြီးလောက် အိမ်မှာကျွန်မတစ်ယောက် ကော်ဖီတစ်ခွက်နဲ့အတူ TV ကြည့်နေရင်းနဲ့ စက်ရုံကအဆောင်ဆီ စိတ်ရောက်သွားပြီး ကျွန်မကျွေးနေကြခွေးကလေးတွေအကြောင်း တွေးဖြစ်သွားပါတယ်။ ဒီအချိန်ဆို ကျွန်မသူတို့ကိုအစာကျွေးနေကြလေ။ ဒီနေ့ရုံးပိတ်ရက်ကိုမသိဘဲ ကျွန်မကျွေးမယ့်အလာကို မျှော်နေရှာလေမလား။



မြတ်စွာဘုရားရှင်ကြီး ဟောကြားထားခဲ့တာကတော့ ညောင်စေ့လေးလောက်လှူသော်လည်း ညောင်ပင်ကြီးလောက်ရနိုင်သည်တဲ့။ အဓိကကတော့ စေတနာစိတ်ပဲ။ စေတနာကောင်းရင် အကျိုးပေးကောင်းတယ်တဲ့။ စေတနာသည် ကံပါတဲ့။ အလှူဒါနမှာလည်း ကိုယ့်အကျိုးကိုမျှော်ကိုးပြီးလှူခဲ့ရင် ကုသိုလ်တော့ရသင့်သလောက်ရပြီး ပါရမီတော့မထိုက်ဖူးတဲ့။ ပါရမီမြောက်တဲ့ ဒါနကတော့ နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် အကျိုးပေးနိုင်သည်တဲ့။

ကျွန်မငယ်စဉ်ကတော့ ကိုယ့်ကိုယ်ကိုယ်သာ သတိထားတတ်ခဲ့ပြီး ကိုယ့်ကိုယ်ရေးကိုယ်တာကိုသာ စိတ်ဝင်စားတတ်ကာ ပတ်ဝန်းကျင်လောကကြီးကို သိပ်စိတ်မဝင်စားခဲ့ပါဘူး။ အသက်အရွယ်လေး အထိုက်အလျောက်အရွယ်ရောက်လာ၊ တကယ့်ဗုဒ္ဓဘာသာဝင်ဖြစ်နိုင်ဖို့ ကြိုးစားရင်း ဝိပဿနာတရားစခန်းတွေကို တတ်နိုင်သလောက် ဝင်အားထုတ်ခဲ့ရာမှ အရာရာကိုသတိနဲ့ အတတ်နိုင်ဆုံးနေတတ်ခဲ့ပြီး ပတ်ဝန်းကျင်မှာရှိတဲ့ အရာတွေပေါ်မှာလည်း သတိထားပြီး ကြည့်တတ်လာခဲ့ပါတယ်။ အဲဒီလိုကြည့်ခဲ့ရာက ကိုယ့်ပတ်ဝန်းကျင်မှာရှိတဲ့ ကိုယ်ကျွေးမှသာစားရမယ့် ခွေးလေးတွေ၊ ငှက်လေးတွေကို သတိထားပြီး စာနာသနားကရုဏာစိတ်တွေပွားလာခဲ့မိပါတယ်။ သတ္တဝါအချင်းချင်းရယ်လို့ ကိုယ်ချင်းစာနားလည်တတ်ခဲ့ရပြီး ကိုယ်တတ်စွမ်းသရွေ့ ကျွေးမွေးချင်တဲ့စိတ်စေတနာရဲ့ တိုက်တွန်းမှုကြောင့် အဆောင်မှာရှိတဲ့ ခွေးကလေးတွေကို နေ့စဉ်နေ့တိုင်း အစာကျွေးမွေးခဲ့ပါတယ်။ ရုံးမလာခင်မှာလည်း အဆောင်ရှေ့မှာ ငှက်လေးတွေစားဖို့ ဆန်လက်တစ်ဆုပ်စာကိုလည်း အမြဲချကျွေးခဲ့ပါတယ်။ ကျွန်မကျွေးနေကြအချိန်ရောက်လို့ အဆောင်ပြင်ထွက်လိုက်ရင် ကျွေးနေကြမို့ ကျွန်မရှိရာပြေးလာကြတဲ့ သူတို့လေးတွေကိုကြည့်ရင်း ကြည်နူးစိတ်ဖြစ်ရသလို သနားစိတ်လည်းဖြစ်မိပါတယ်။ သက်ရှိသတ္တဝါတိုင်းမှာ မရှိမဖြစ်လိုအပ်လှတဲ့စားဝတ်နေရေးဆိုတာကို ပိုသဘောပေါက်လာခဲ့ရသလို မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားခဲ့တဲ့ ရှာစားရတာ အဆန်းမဟုတ်ဘူး၊ တစ်သံသရာလုံး ရှာစားခဲ့ရတာ။ အိပ်၊ စား၊ ကာမ ဒီသုံးပါးသာသိပြီး အဲဒီအတွက်သာ ကြိုးစားအားထုတ်တဲ့သူဟာ လူဖြစ်ပေမယ့် အခြားသတ္တဝါနဲ့မကွာတော့ဘူးလို့ ဟောထားတာကိုလည်း ပြန်လည်ကြားယောင်နေမိပါတယ်။

လူတွေမှာ အရွယ်ရောက်ချိန် ၃ မျိုးရှိပါတယ်။ နှလုံးသားအရွယ်ရောက်ချိန်၊ စိတ်အရွယ်ရောက်ချိန်နဲ့ အသိဉာဏ်အရွယ်ရောက်ချိန်ပါ။ ကျွန်မတို့ငယ်ငယ်တုန်းကတော့ ကိစ္စတော်တော်များများကို အချစ်၊ အမုန်းကိုအခြေခံပြီး ဆုံးဖြတ်ကြပါတယ်။ ချစ်တဲ့သူကို ဘာပဲလုပ်လုပ်အကောင်းမြင်တတ်ပြီး၊ မုန်းတဲ့သူဆိုရင်တော့ သူဘယ်လောက်ကောင်းအောင်လုပ်လုပ် အကောင်းမြင်မပေးတတ်ပါဘူး။ အဲဒီထက် နည်းနည်းကြီးလာပြီး လူငယ်ဘဝရောက်လာတော့ အမှန်တရား၊ အမှားတရားပေါ်မှာမူတည်ပြီး စဉ်းစားနိုင်လာတယ်။ အဲဒီထက်ကြီးလို့ အသက် ၄၀ ဝန်းကျင်လောက်ရှိလာတော့ လောကကြီးကို အကြောင်းနဲ့အကျိုးလို့ သိနိုင်လာပြီး သင့်တင့်စွာ နှလုံးသွင်းနိုင်လာပါတယ်။ အဲဒီလိုပါပဲ ကျွန်မတို့တွေလည်း အသက်အရွယ်ရလာတာနဲ့ အမျှ ရင့်ကျက်ပြောင်းလဲလာကြရမှာပါပဲ။ အသက်သာကြီးလာပေမယ့် ကိစ္စတစ်ခုတွေ့တိုင်း အချစ်၊ အမုန်းပေါ်မှာမူတည်ပြီး ဆုံးဖြတ်ဆဲပဲဆိုရင်တော့ အသက်သာကြီးပြီး လူကြီးမဖြစ်နိုင်သေးပါဘူး။ တချို့အသက်ငယ်ပေမယ့်လည်း လူကြီးတစ်ယောက်လို ရင့်ကျက်ပညာရှိနေတတ်တဲ့လူငယ်တွေလည်း ရှိတတ်ပါတယ်။

ကျွန်မတို့လူတွေမှာလည်း အသက်အရွယ်ကြီးလာတာနဲ့အမျှ အသိဉာဏ် ရင့်ကျက်လာအောင်လည်း ကြိုးစားရမှာပါပဲ။ အသိဉာဏ်အမြန်ရင့်ကျက်ဖို့အတွက် ကောင်းမွန်တဲ့စာအုပ်များဖတ်ရှုခြင်း၊ တရားစာအုပ်ဖတ်ရှုနာကြားခြင်းတို့ကို ပုံမှန်လုပ်ဆောင်သင့်ပါတယ်။ ကျွန်မတို့တွေမှာ စားဝတ်နေရေးအတွက် ရှာစားနေတာတော့ သတ္တဝါဖြစ်တိုင်း အတူတူပဲမို့ ဘာမှစာဖွဲ့နေဖို့မလိုအပ်ပါဘူး။ လျှာခင်ကကျော်လို့ လည်ချောင်းအောက် ရောက်သွားမယ့် အစာတစ်နပ်အတွက် ရှာစားရခြင်းကို တစ်ဘဝလုံးစာပေးရမယ်ဆိုရင်လည်း ဒါဟာသိပ်နှမြောစရာကောင်းလှပါတယ်။

ဆာတတ်တဲ့ ခန္ဓာကိုယ်ကြီးရထားလို့ စားရဖို့ရှာရမှာမှန်ပေမယ့် တိုတောင်းတဲ့ဘဝတာလေးမှာ အသိဉာဏ်ရင့်ကျက်စေတဲ့ အလုပ်တွေကိုလည်း တွဲဖက်လုပ်ဆောင်သင့်ပါတယ်။ ကျွန်မတို့တွေ တစ်ခုခုလှူတိုင်း ဆုတောင်းနေတဲ့ဒုက္ခခပ်သိမ်းချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ဆိုတာဟာ အသိဉာဏ်တွေ အဆုံးစွန်ပြည့်စုံခြင်းပါ။ မိုးကုတ်ဆရာတော်ဘုရားကြီးကတော့ နိဗ္ဗာန်ခရီးဟာ ကံခရီးမဟုတ်ဘူး။ ဉာဏ်ခရီးပါတဲ့။ ကိလေသာဒုက္ခမကပ်ငြိတဲ့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရဲ့အာရုံတစ်ခုပါတဲ့။ ဒါကြောင့်မို့ နိဗ္ဗာန်ကိုဆုတောင်းလို့ မရောက်နိုင်ဘူး။ ကျင့်ကြံပွားများအားထုတ်မှသာ ရောက်ရှိနိုင်မှာပါ။ ရှင်သန်ခွင့်ရခဲ့တဲ့ ကျွန်မတို့တွေအားလုံးဟာ တစ်နေ့မှာတူညီတဲ့ မှတ်တိုင်ကတော့ သေဆုံးခြင်းပါပဲ။ သာသနာ ၂,၅၀၀ ကျန်နေသေးတယ်ဆိုပေမယ့် ကိုယ်တကယ်ဆိုင်မှာက ဒီလူ့ဘဝခဏတာလေးပါပဲ။ သေပြီး နောက်ဘဝဘာဖြစ်မယ်ဆိုတာ ဘယ်သူမှအတိအကျမသိနိုင်ပါဘူး။ ကံကောင်းလို့ (သုဂတိဘဝ) လူ၊ နတ်၊ ဗြဟ္မာတွေဖြစ်ရင်တော့ တော်သေးတာပေါ့။ အဆင်မပြေကံမကောင်းလို့ အပါယ်လေးဘုံ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ ဒုက္ခဘုံတွေရောက်ခဲ့ရင် တရားဆိုတာလည်းမသိ၊ ကျင့်လည်းမကျင့်နိုင်ကြတော့ပါဘူး။ ဒါကြောင့်မို့အချိန်ရှိတုန်း ကျန်းမာရေးကောင်းတုန်းမှာ ကိုယ့်အတွက်တကယ်ယူသွားနိုင်တဲ့ ကောင်းမှုကုသိုလ်အလုပ်တွေကိုလည်း အမြဲသတိထားလို့ တတ်စွမ်းသရွေ့လုပ်ဆောင်ကြမှသာ လူဖြစ်ရကျိုးနပ်ကြမှာပါ။

ကျွန်မတို့ ဝန်ထမ်းဘဝမှာလည်း အခြားသူဌေးကြီးတွေလို အလှူကြီးကြီးတွေ မလှူနိုင်ပေမယ့် သတိထားကြည့်ရင် ကျွန်မတို့တတ်စွမ်းသရွေ့နဲ့ လှူဒါန်းနိုင်တဲ့နေရာတွေ တွေ့လာမှာပါ။ အဓိကကတော့ လှူဒါန်းချင်စိတ်က အဓိကပါပဲ။ တိရစ္ဆာန်လေးတွေထဲမှာ ကျွန်မဘာကြောင့်ခွေးလေးတွေကို ပိုပြီးသနားလည်းဆိုတော့ သူတို့မှာရှာစားစရာဘာအစားအစာမှ ရှိမနေလို့ပါပဲ။ သူတို့စားလို့ရတဲ့အစာ ပတ်ဝန်းကျင်မှာရှိမနေပါဘူး။ ငှက်ကလေးတွေကတောင်ပံကိုဖြန့်လို့ ကြိုက်သလောက်ပျံသန်းရင်း စားလို့ရတဲ့အစားအသောက်တွေ ရှာစားနိုင်ပါတယ်။ ဒါကြောင့်မို့ ချစ်တဲ့စာဖတ်သူတွေကို တိုက်တွန်းချင်တာက ကိုယ့်ပတ်ဝန်းကျင်မှာရှိတဲ့ ခွေးတိရစ္ဆာန်လေးတွေကို သတိထားပြီးတတ်စွမ်းသရွေ့ ကျွေးမွေးကြပါလို့။ သူတို့လေးတွေ အစာစားဖို့ ကိုယ့်ဆီအမောတကောပြေးလာတဲ့အခါ သနားကရုဏာဖြစ်ရသလို သူတို့လေးတွေအစာဝပြီး မြူးတူးပျော်ရွှင်သွားကြတဲ့အခါ သင့်စိတ်ထဲမှာလည်း ကျေနပ်ကြည်နူးမှုလေးတွေ ခံစားရမှာပါ။ ဒီအလှူလေးက အသေးအမွှားလေးဆိုပေမယ့် ကိုယ့်အကျိုးမပါ၊ သူတို့အကျိုးသာလိုလားတဲ့ စေတနာမှန်တဲ့အတွက် ပါရမီမြောက်တဲ့ ဒါနဆိုရင်လည်း မှားမယ်မထင်ပါဘူး။



ချစ်တဲ့စာဖတ်ပရိသတ်ကြီးရေ လျှပ်စစ်မီးတွေ ထိန်ထိန်ညီးနေတဲ့ မြို့ကြီးပြပြီးမှာ လမင်းကြီးသာတာဟာ သိပ်ပြီးမလိုအပ်ပေမယ့် မီးမရှိတဲ့ဒေသလေးတွေမှာ လမင်းကြီးသာဖို့လိုအပ်ပါတယ်။ လမိုက်ညတွေအတွက်တော့ ကြယ်လေးတစ်ပွင့်ရှိနေခြင်းဟာလည်း ကောင်းကင်အတွက် တစ်တပ်တစ်အားပါပဲ။ မိုးများတဲ့ ဒေသမှာမိုးရွာခြင်းဟာ သိပ်မသိသာလှပေမယ့် မိုးခေါင်တဲ့ဒေသမှာမိုးရွာခြင်းအတွက်တော့ မိုးနတ်မင်းကြီးကို ထာဝရကျေးဇူးတင်နေမှာပါ။ ဒါကြောင့်မို့ ဘာအလှူပဲလှူလှူ ဘာကုသိုလ်ပဲလုပ်လုပ် မခမ်းနားမထည်ဝါပေမယ့်လည်း ကွက်လပ်လေးတွေကိုဖြည့်ပေးနိုင်တဲ့ အလှူမျိုးဖြစ်ဖို့က အဓိကပါလို့ တိုက်တွန်းဆန္ဒပြုလိုက်ပါတယ်။

# ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအတွက် သင့်ကံဇာတာ




မိုးဟိန်း

**တနင်္ဂနွေ**

စိတ်ညစ်စရာ၊ စိတ်ရှုပ်စရာကိစ္စများ ဆက်တိုက်တွေ့ကြုံနေရမည်။ စာချုပ်စာတမ်းကိစ္စများ၊ ငွေကြေးကိစ္စများ သတိနှင့်ဆောင်ရွက်ပါ။ ဥပဒေနှင့်မလွတ်ကင်းသောကိစ္စများ သတိပြုရှောင်ကြဉ်ပါ။ မနာလိုပြိုင်ဆိုင် မုန်းတီးခံရခြင်းရှိမည်။ ယုံကြည်ရသူများ၏သစ္စာမဲ့ခြင်းကို တွေ့ကြုံရမည်။ လုပ်ငန်းခွင်တွင် အနှောင့်အယှက်ပေါ်လိမ့်မည်။ လူပေါင်းမှားခြင်း၊ ဆုံးဖြတ်ချက်မှားခြင်းများဖြစ်တတ်သည်။ ပျို့ရွယ်သူများအဖို့ သောကကိုယ်စီဖြင့် ခွဲခွာရကိန်းရှိသည်။ ဓာတ်လိုက်ခြင်း၊ အပူလောင်ခြင်းဖြစ်လိမ့်မည်။ ဂရုပြုပါ။

ယတြာ ။ ဘုန်းကြီးကုဋီများ ရေဆေးပေးပါ။

**တနင်္လာ**

လုပ်ငန်းစီးပွားအောင်မြင်တိုးတက်မည်။ လုပ်ငန်းခွင်အတွင်းမှသူများ ဆက်ဆံရသောပတ်ဝန်းကျင် အပြောင်းအလဲရှိမည်။ ရာထူးတိုးတက်ခြင်း၊ လုပ်ပိုင်ခွင့်တိုးခြင်းကြုံမည်။ အမျိုးသမီးအကြီးအကဲ၏ ကူညီစောင့်ရှောက်မှုကို ရရှိမည်။ ပညာရေးတွင် ထူးထူးချွန်ချွန် အောင်မြင်ကိန်းရှိသည်။ ဆုံးဖြတ်ချက်များချမှတ်ရာတွင် တတ်နိုင်သမျှ သိုသိုသိပ်သိပ်ဆောင်ရွက်ပါ။ မေတ္တာရေးတွင် ဆန္ဒရှိသလောက် ခရီးမပေါက်နိုင်သေးပါ။ ကျန်းမာရေးတွင် အစာအိမ်နှင့်ပတ်သက်သော ဝေဒနာများခံစားရတတ်ပါသည်။

ယတြာ ။ မိခင် (သို့) မိခင်ကဲ့သို့သူကို အမှူးထား၍ ဒါနပြုပေးပါ။

**အင်္ဂါ**

ခြေလှမ်းသစ်၊ အကြံအစည်သစ်များဖြင့် ဘဝတိုးတက်ခြင်းများကြုံမည်။ ကျဉ်းကျပ်သောအနေအထားမှ လွတ်မြောက်လာလိမ့်မည်။ နေရာသစ်၊ အလုပ်သစ်၊ အိုးအိမ်သစ် ပြောင်းလဲရကိန်းရှိသည်။ ငွေကြေးစီးပွားကံ ပွင့်နေလိမ့်မည်။ အထက်လူကြီးများမှ ကူညီစောင့်ရှောက်လိမ့်မည်။ ရပ်ဝေးမှ စာ၊ လက်ဆောင်ပစ္စည်းများ မမျှော်လင့်ဘဲရရှိမည်။ ပျို့ရွယ်သူများအနေဖြင့် ဇာတ်လမ်းဟောင်းကို ပြန်ဆက်ရကိန်းကြုံမည်။ အိမ်ထောင်ရေး၊ မိသားစုကိစ္စများအတွက် ဆုံးဖြတ်ချက်ချမှတ်ရန် အချိန်ကောင်းဖြစ်ပါသည်။

ယတြာ ။ လမ်းပြင်ပေးပါ (သို့) လမ်းပြင်သူများကို ဒါနပြုပေးပါ။

**ဗုဒ္ဓဟူး**

မိမိအရည်အချင်း၊ အစွမ်းအစကိုပြသနိုင်မည့်ကာလဖြစ်သည်။ သူတစ်ပါးအတွက် ခက်ခဲနေသောကိစ္စများကို အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်လိမ့်မည်။ ပညာရေးတွင် အထူးကောင်းသည်။ စာမေးပွဲအားလုံးကို ထူးထူးချွန်ချွန်အောင်မြင်လိမ့်မည်။ လုပ်ငန်းကိစ္စများဆောင်ရွက်ရာတွင် စကားများများမပြောသင့်ပါ။ မိမိအကြံအစည်ရည်မှန်းချက်များ ပေါက်ကြားသွားတတ်ပါသည်။ ပျို့ရွယ်သူများအဖို့ ကြုံတွေ့ရသမျှအခက်အခဲများကို နှစ်ဦးသားရင်ဆိုင်ကျော်လွှားနိုင်လိမ့်မည်။ ကျန်းမာရေးအနေဖြင့် သွား၊ သွားဖုံးဝေဒနာများ ခံစားရတတ်ပါသည်။

ယတြာ ။ ဘုရားရင်ပြင်တော်ကို သန့်ရှင်းရေးလုပ်ပေးပါ။

**ကြာသပတေး**

သူတစ်ပါး ကတိပျက်သောကြောင့် အခက်အခဲပြဿနာများ တွေ့ကြုံရမည်။ မိမိက ကူညီခဲ့သူများပင် ဆက်ဆံရေးပြောင်းလဲသွားကြလိမ့်မည်။ ရုတ်တရက်ပေါ်ပေါက်လာသော အနှောင့်အယှက်များကြောင့် ရည်မှန်းချက်ပျက်ယွင်းရလိမ့်မည်။ သူတစ်ပါးအပေါ် ယုံကြည်ကိုးစား၍မရပါ။ အစစအရာရာ ကိုယ်တိုင်ဆုံးဖြတ်လုပ်ကိုင်ဆောင်ရွက်ပါ။ လုပ်ငန်းခွင်အတွင်း ပစ်စာ၊ တိုင်စာကိစ္စများ၊ စွပ်စွဲသိက္ခာချခြင်းများ တွေ့ကြုံရမည်။ ကိုယ်ကျင့်သိက္ခာကို သတိပြုစောင့်ထိန်းပေးပါ။ ဒေါသရှေ့ထား တုန့်ပြန်ပါက မှားလိမ့်မည်။

ယတြာ ။ ဇီဝိတဒါနပြုပေးပါ။

**သောကြာ**

ဦးတည်လိုက်တိုင်းတွင် အပြိုင်အဆိုင်များမည်။ ခိုက်ရန်ဖြစ်ပွားခြင်း၊ စကားများရခြင်းရှိမည်။ စိတ်လိုက်မာန်ပါလုပ်ခြင်း၊ တဇွတ်ထိုးဆောင်ရွက်ခြင်းများ လျှော့ပါ။ လုပ်ငန်းခွင်မှသူများအဖို့ သူတစ်ပါးမလုပ်ချင်သောအလုပ်ပို၊ တာဝန်ပိုများကြားဝင် ထမ်းဆောင်ရကိန်းရှိသည်။ အားနာတတ်သော၊ ရိုးအေးသောစရိုက်ကို ပြုပြင်ပေးပါ။ ရင်းနှီးသောသူများနှင့်ပင် ဝေးကွာသွားသလို ခံစားရနေမည်။ ချစ်သူနှစ်ဦးကြား တကျက်ကျက်ရန်ဖြစ်နေရသော ကာလဖြစ်သည်။ မိမိကိုယ်တိုင်သာမက ယောက္ခမ၊ ခမည်းခမက်များလည်း ကျန်းမာရေးညံ့တတ်ပါသည်။

ယတြာ ။ ကြက်၊ ငှက်၊ ခွေးများကို အစာကျွေးပါ။

**စနေ**

အခက်အခဲကြားမှ အရာရာအဆင်ပြေသွားမည်။ အနှောင့်အယှက်အပြိုင်အဆိုင်အားလုံးကို ကျော်လွှားအနိုင်ရလိမ့်မည်။ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိသားစုအတွင်းတွင်လည်းကောင်း လတ်တလောကြုံတွေ့နေရသောပြဿနာများ အေးချမ်းသွားလိမ့်မည်။ စာရင်းဇယားကိစ္စများ သတိပြုကိုင်တွယ်ဆောင်ရွက်ပါ။ ဥပဒေရေးရာကိစ္စများအတွက် စကားပြောဆိုရကိန်းကြုံမည်။ စိတ်ပူရန်မရှိပါ။ ပျို့ရွယ်သူများအနေဖြင့် အိမ်ထောင်ဖက်ရွေးချယ်ခြင်း၊ မေတ္တာမျှအဖြေပေးခြင်းများ တွေ့ကြုံရမည်။ အသေးစားခွဲစိတ်မှုတစ်ခု ကြုံရတတ်ပါသည်။

ယတြာ ။ အနီးပတ်ဝန်းကျင်မှကလေးများကို မုန့်ဝေပေးပါ။

**ရာဟု**

ဖြစ်လိုသည်များ ခေတ္တချုပ်တည်းထားရသောကာလဖြစ်သည်။ အချိန်သည်းခံစောင့်ဆိုင်းပါ။ ကံကြမ္မာကြောင့် ဘဝလမ်းကြောင်းအပြောင်းအလဲရှိမည်။ မိမိလိုလားချက်များ လက်တစ်ကမ်းသို့ ရောက်ရှိလာလိမ့်မည်။ ရသင့်ရထိုက်လျက် ကြန့်ကြာနေသောကိစ္စများ လက်ဝယ်ပိုင်ပိုင်ရရှိမည်။ လုံ့လ၊ ဝီရိယအကျိုးကိုခံစားရလိမ့်မည်။ နဂိုမူလအနေအထားမှ ပိုမိုမြင့်သောဘဝကိုရောက်ရှိသွားမည်။ ပျို့ရွယ်သူများအဖို့ လှေနံနှစ်ဖက်နင်းမိတတ်သောကာလဖြစ်သည်။ ချစ်သူခင်သူများနှင့် ခွဲခွာနေကြရဦးမည်။ ကျန်းမာရေးအနေဖြင့် အမျိုးသမီးရောဂါများ ခံစားရတတ်ပါသည်။

ယတြာ ။ မယ်သီလရှင်များကို ဒါနပြုပေးပါ။

ဈေးကွက်နှင့်လူမှုရေး ဂျာနယ် CARTOON



ကျောဖုံးမှ-

# Nissan က ၎င်းတို့၏ Sunny ကားအမျိုးအစားသစ်ကို ကျပ် ၂၀၆ သိန်းဖြင့် ရောင်းချပေးမည်

မြန်မာနိုင်ငံတွင် မော်တော်ယာဉ်များ တပ်ဆင်ထုတ်လုပ်ရောင်းချလျက်ရှိသည့် Nissan ကုမ္ပဏီက ၎င်း၏နောက်ဆုံးထုတ်လုပ်သည့် Sunny ကားအမျိုးအစားသစ်ကို ကျပ် ၂၀၆ သိန်းဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း Nissan ၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။ Nissan သည် ၎င်းထုတ်လုပ်ခဲ့သည့် ကားသစ်နှင့်ပတ်သက်၍ မိတ်ဆက်ပွဲအခမ်းအနားကို နိုဗိုတယ်ဟိုတယ်မက်စ်တွင် ဇန်နဝါရီလ ၁၈ ရက်နေ့က ကျင်းပခဲ့သည်။

Nissan မှမြန်မာနိုင်ငံတွင် တပ်ဆင်ထုတ်လုပ်မည့် မော်တော်ကားများအတွက် ၎င်း၏ဒေသတွင်းမိတ်ဖက်ကုမ္ပဏီဖြစ်သည့် Tan Chong Motor (Myanmar) နှင့်ပူးပေါင်း၍ ပဲခူး၌ ၂၀၁၆ ခုနှစ်ကစတင်ပြီး စက်ရုံတည်ဆောက်ထားပြီးဖြစ်သည်။ သို့သော် Sunny ကားသစ်အတွက် ယင်းစက်ရုံသို့ မပြောင်းရွှေ့မီလှိုင်သာယာ၌ တပ်ဆင်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

ယင်းကားသစ်ကို အခြေခံ MT ဂရိတ် (ကျပ် ၂၀၆ သိန်း++)၊ အလယ်အလတ် SV ဂရိတ် (ကျပ် ၂၁၉ သိန်း++) နှင့်အမြင့်တန်း SV ဂရိတ် (ကျပ် ၂၄၄သိန်း++) ဟူ၍ ဂရိတ်သုံးမျိုး၊ အဖြူ၊ အမည်း၊ ငွေရောင်နှင့်ကြေးညိုရောင်ဟူ၍ အရောင်လေးမျိုး ခွဲခြားထုတ်လုပ်ပေးထားသည်။ အင်ဂျင်ပါဝါ 1.5L ရှိပြီး လောင်စာဆီတစ်လီတာလျှင် ၁၆. ၆ ကီလိုမီတာအထိ ခရီးနှင်နိုင်စွမ်းရှိသည်။ အပြင်ပိုင်းရုပ်ထွက်အား ခေတ်နှင့်လျော်ညီစေရန် ဒီဇိုင်းဖန်တီးပေးထားသကဲ့သို့ အတွင်းခန်းကျယ်ဝန်းစေရန်လည်း စီမံပေးထားသည်။ ထို့အပြင် ABS ဘရိတ်စနစ်၊ ခလုတ်နှိပ်ကာ ကားစက်နှိုးနိုင်သော Push Start စနစ်ကဲ့သို့သော အဆင့်မြင့်နည်းပညာများ ထည့်သွင်းတည်ဆောက်ပေးထားကြောင်း သိရသည်။

'ကျွန်တော်တို့က Nissan ရဲ့စိမ်းလန်းမှုနဲ့ ဘေးကင်းလုံခြုံမှုရှိတဲ့ နည်းပညာတွေကို အလားအလာကောင်းတွေရှိနေတဲ့ ဈေးကွက်နဲ့မိတ်ဆက်ပေးမှာဖြစ်ပါတယ်' လို့ Nissan ရဲ့ အာရှနဲ့သမုဒ္ဒရာပိုင်းဆိုင်ရာ ဌာနေအကြီးတန်း ဒုတိယဥက္ကဋ္ဌ Yutaka Sanada က မိတ်ဆက်ပွဲအခမ်းအနားမှာ ပြောကြားခဲ့သည်။

Nissan နှင့်သူ၏မိတ်ဖက် Tan Chong Motor (Myanmar) တို့သည် ၎င်းတို့၏ကားစက်ရုံကို ပဲခူးစက်မှုဇုန်တွင် ပြီးခဲ့သည့်နှစ်ကုန်ပိုင်းက စတင်တည်ဆောက်ခဲ့သည်။ ၂၀၁၉ ခုနှစ်အတွင်းဖွင့်လှစ်ရန် လျာထားပြီး နှစ်စဉ်ယာဉ်အစီးရေ တစ်သောင်းခန့်ထိ ထုတ်လုပ်ရောင်းချသွားရန်မျှော်မှန်းထားသည်။ အမေရိကန်ဒေါ်လာ သန်း ၅၀ ခန့်ကိုလည်း ထပ်မံရင်းနှီးမြှုပ်နှံမည်ဟု သိရသည်။ Nissan ကုမ္ပဏီအား ပြည်တွင်း၌ယာဉ်ထုတ်လုပ်ခွင့်နှင့် တပ်ဆင်ခွင့်ကို ၂၀၁၃ ခုနှစ်ကတည်းက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုပေးထားခြင်းဖြစ်သည်။




မြန်မာ့ဈေးကွက်အတွင်း နှစ်စဉ်ယာဉ်အစီးရေတစ်သိန်းခန့် အရောင်းအဝယ်ဖြစ်လေ့ရှိသည်။ သို့ရာတွင် အကြမ်းဖျင်းအားဖြင့် ၉၀ ရာခိုင်နှုန်းခန့်မှာ ဂျပန်နိုင်ငံမှတင်သွင်းသော တစ်ပတ်ရစ်ကားများသာဖြစ်ပြီး ယာဉ်အသစ်မှာ အစီးရေ ၅,၀၀၀ ခန့်သာပါဝင်သည်။

Nissan သည် လက်ရှိတွင် သေးငယ်နေသေးသော်လည်း အခွင့်အလမ်းများရှိနေသည့် ဈေးကွက်အတွင်း ဒေသတွင်းကားထုတ်လုပ်မှုတွင် ဦးဆောင်နိုင်ရန်မျှော်မှန်းထားသည်။ အခြားပြိုင်ဖက်ကားကုမ္ပဏီများဖြစ်သည့် Toyota Motor နှင့် Ford Motor တို့မှာလည်း မြန်မာနိုင်ငံအတွင်းဝင်ရောက်လုပ်ကိုင်နေကြပြီးဖြစ်သည်။ ထို့အပြင် Suzuki Motor မှလည်း ၎င်းတို့၏စက်ရုံသစ်ကို ပြီးခဲ့သည့်ဒီဇင်ဘာလအတွင်းက သီလဝါစီးပွားရေးဇုန်တွင် စတင်တည်ဆောက်နေပြီဖြစ်သည်။

**စီးပွားရှင်**

Ref : Nikkei Asian, Commerce

# ပြည်ပကုမ္ပဏီများ မြန်မာနိုင်ငံတွင်း လာရောက်ရင်းနှီးမြှုပ်နှံကြသော်လည်း ကျွမ်းကျင်လုပ်သားရရှိမှုခက်ခဲနေ

**နေရဲ**



မြန်မာနိုင်ငံသို့ပြည်ပကုမ္ပဏီများမှ ရင်းနှီးမြှုပ်နှံရန်ရောက်လာသော်လည်း ကျွမ်းကျင်လုပ်သားများရရှိမှုခက်ခဲနေသည်ကို ဇန်နဝါရီလ ၁၆ ရက်နေ့က ရန်ကုန်မြို့ရှိ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တွင် ပြုလုပ်သည့် မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ NSSA ၏ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေး ရွှေ့ပြေးစီမံချက်တတိယအဆင့်အဖြစ် အမျိုးသားအဆင့်အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲအခမ်းအနားတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောကြားခဲ့ကြောင်းသိရသည်။

ဆက်လက်၍ ၎င်းကပင် ကျွမ်းကျင်လုပ်သားများရရှိရန် အခက်အခဲများရင်ဆိုင်နေရသဖြင့် ယခုနှစ်တွင် ကျွမ်းကျင်လုပ်သားဦးရေ ၅,၀၀၀ မွေးထုတ်ပေးနိုင်ရန်စီမံချက်ထားရှိ၍ အလုပ်လုပ်ကိုင်လိုသော လူငယ်လူရွယ်များအတွက် နိုင်ငံအတွင်း လုပ်သားဈေးကွက်နှင့် အာဆီယံလုပ်သားဈေးကွက်တွင် ဝင်ရောက်လုပ်ကိုင်နိုင်ရန် ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း ပြောသည်။

အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများကို ဒေသအလိုက် Industrial Demand၊ Market Demand များပေါ်မူတည်ကာ သင်ကြားပေးနိုင်ရေး မြန်မာနိုင်ငံနှင့်ဒေသအတွင်းကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနိုင်ရေး အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ဖန်တီးနိုင်သည့် သက်မွေးပညာကျွမ်းကျင်မှုသင်တန်းကျောင်းများနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်ရေးနှင့်ဒေသအလိုက် လူ့စွမ်းအားအရင်းအမြစ် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်နှင့်အလုပ်သမား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပြီး ဂျပန်နိုင်ငံနှင့်မိတ်ဖက်အဖွဲ့အစည်းများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

ကျောဖုံး (မန္တလေးမြို့တော်မဟာသင်္ကြန်ပွဲတော်) မှ-

၁၃၇၈ ခုနှစ် မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော်ကျင်းပရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီလ ၁၇ ရက်နေ့က မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည်။ အခမ်းအနားသို့ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့်ကော်မတီဝင်များ၊ မန္တလေးမြို့ရှိ စာပေ၊ ဂီတ၊ သဘင်ပညာရှင်များ၊ ဖိတ်ကြားထားသူများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီမှဌာနမှူးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးမြို့တော်ဝန်ဒေါက်တာရဲလွင်က အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် စာပေ၊ ဂီတ၊ သဘင်ပညာရှင်များက အကြံပြုဆွေးနွေးကြသည်။ ၁၃၇၈ ခုနှစ် မန္တလေးမြို့တော်မဟာသင်္ကြန်တွင် ကျုံးပတ်လည်မဏ္ဍပ်များလျှော့ချမည်ဖြစ်ပြီး ကျုံးတောင်ဘက်ခြမ်း ၂၆ လမ်းတွင် မန္တလေးမြို့တော်မဟာသင်္ကြန်ဆုပေးမဏ္ဍပ်နှင့် နန်းမြို့သူမဏ္ဍပ်နှစ်ခုသာ ဆောက်လုပ်ရန်ရည်ရွယ်ထားပြီး ကျုံးအရှေ့၊ အနောက်၊ မြောက်ဘက်တို့တွင်လည်း မဏ္ဍပ် ၂ ခု၊ ၃ ခုသာခွင့်ပြုသွားမည်ဖြစ်ပြီး မြို့နယ်များတွင် စည်ကားစေရန်စီစဉ်သွားမည်ဖြစ်ကြောင်းနှင့် မန္တလေးသင်္ကြန်သည်စတိတ်ရှိုးသင်္ကြန်ဖြစ်နေ၍ ယဉ်ကျေးမှုသင်္ကြန်ပုံရိပ်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်ဝန်က ပြောကြားသည်။

မန္တလေးမြို့တော်မဏ္ဍပ်တွင်လည်း နာမည်ကြီးသရုပ်ဆောင်နှင့် အဆိုတော်များအား သိန်းထောင်ချီသုံးစွဲ၍ ငှားရမ်းဖျော်ဖြေခဲ့ရာမှ ယခုနှစ်မန္တလေးယဉ်ကျေးမှုသင်္ကြန်တွင် မြို့တော်စည်ပင်တေးဂီတအဖွဲ့၊ ဆိုင်းဝိုင်းကြီးနှင့်စည်ပင်လုပ်ပိုင်ဖြူများ၏အကအလှများ၊ မန္တလေးမြို့မှတေးသံရှင်များက ဖျော်ဖြေကြမည်ဖြစ်ပြီး ငွေကြေးများစွာလျှော့ချသုံးစွဲရန် ရည်ရွယ်ထားကြောင်းသိရသည်။

**မောင်ပြည်သူ (မန္တလေး)**

## နို့စားနွားဖြန့်ဖြူးခြင်း၊ ဒေသကြက်မွေးမြူခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မြစိမ်းရောင်အရင်းမပျောက် မတည်ရန်ပုံငွေ ကျေးရွာများသို့ပေးအပ်

**မောင်ပြည်သူ (မန္တလေး)**

မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြစိမ်းရောင် (အသားကဏ္ဍ) မျိုးကောင်းမျိုးသန့်တိရစ္ဆာန်ဖြန့်ဖြူးခြင်း၊ နို့စားနွားမွေးမြူခြင်းနှင့် ဒေသကြက်မွေးမြူခြင်းလုပ်ငန်းများဆောင်ရွက်ရန် ကျေးရွာမွေးမြူရေးကော်မတီသို့ မြစိမ်းရောင်အရင်းမပျောက် မတည်ရန်ပုံငွေပေးအပ်ပွဲကို ဇန်နဝါရီလ ၁၈ ရက်နေ့၊ နံနက် ၉ နာရီက ပြည်ကြီးတံခွန်မြို့နယ်၊ ရန်ကုန်-မန္တလေးကားလမ်းရှိ မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းက အမှာစကားပြောကြားပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် နိုင်ငံတော်မှထောက်ပံ့ငွေဖြင့် မြစိမ်းရောင် (အသားကဏ္ဍ) ဆိတ်မွေးမြူ ရေးလုပ်ငန်းဆောင်ရွက်မည့် မြစ်သားမြို့နယ်၊ နှမ်းခင်းကျေးရွာအုပ်စု ကျေးရွာမွေးမြူရေးကော်မတီသို့ ကျပ်သိန်း ၃၀၀၊ နွားထိုးကြီးမြို့နယ် ပဲချက်ကျေးရွာမွေးမြူရေးကော်မတီသို့ ကျပ်သိန်း ၃၀၀၊ မျိုးကောင်းမျိုးသန့်တိရစ္ဆာန်ဖြန့်ဖြူးရေးစီမံချက် ဆောင်ရွက်မည့် မြင်းခြံမြို့နယ် ပျော့ကျေးရွာမွေးမြူရေးကော်မတီသို့ ကျပ်သိန်း ၃၀၀၊ နို့စားနွားဖြန့်ဖြူးရေး ဆောင်ရွက်မည့် ပျော်ဘွယ်မြို့နယ် သနပ်ခါးကျေးရွာမွေးမြူရေးကော်မတီသို့ ကျပ်သိန်း ၃၀၀ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါက်တာရန်နိုင်စိုးက ဒေသကြက်မွေးမြူရေးဆောင်ရွက်မည့် ကျောက်ပန်းတောင်းမြို့နယ်၊ လက်ပံပြား ကျေးရွာမွေးမြူရေးကော်မတီသို့ ကျပ်သိန်း ၁၀၀၊ အတာစန်းကုန်း ကျေးရွာမွေးမြူရေးကော်မတီသို့ ကျပ်သိန်း ၁၀၀၊ မိတ္ထီလာမြို့နယ်၊ အင်ပင်ကျေးရွာ မွေးမြူရေးကော်မတီသို့ ကျပ်သိန်း ၅၀ ပေးအပ်ရာ ကျေးရွာမွေးမြူရေးကော်မတီများမှ လက်ခံရယူကြကြောင်း သိရသည်။




## အမေရိကန်နိုင်ငံမှ မြန်မာနိုင်ငံထွက် ကော်ဖီများဝယ်ယူရန် လာရောက်လေ့လာမည်

အမေရိကန်နိုင်ငံက မြန်မာနိုင်ငံထွက် အထူးတန်းကော်ဖီဝယ်ယူရန် ဖေဖော်ဝါရီလတွင် လာရောက်လေ့လာမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကော်ဖီလုပ်ငန်းရှင်များအသင်းထံမှ သိရသည်။

မြန်မာနိုင်ငံထွက် အထူးတန်း ကော်ဖီကို ၂၀၁၆ ခုနှစ်အတွင်း အမေရိကန်နိုင်ငံသို့ ၃၆ တန်တင်ပို့နိုင်ခဲ့ကြောင်း၊ အထူးတန်းကော်ဖီ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇,၀၀၀ ဈေးရရှိကြောင်း သိရသည်။ ယင်းနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ ကော်ဖီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးရဲမြင့်က ‘ကော်ဖီစိုက်သူတွေဆီက တစ်တန်ကို အမေရိကန်ဒေါ်လာ ၆,၀၀၀ နဲ့ဝယ်ပါတယ်။ ကော်ဖီစိုက်တောင်သူတွေကို ကျွန်တော်တို့က မျိုးစေ့ကူညီတာတွေ နည်းပညာကူညီတာတွေ ပြုလုပ်ပေးပါတယ်’ ဟု ပြောသည်။

မြန်မာနိုင်ငံထွက် အထူးတန်း ကော်ဖီကို Coffee Quality Institute မှကျွမ်းကျင်သူများ၏ အသိအမှတ်ပြုခံခဲ့ရပြီး ၂၀၁၆ ခုနှစ်၊ ဧပြီလက အမေရိကန်နိုင်ငံတွင် ပြုလုပ်သော Special Quality Association of America ကော်ဖီပြပွဲတွင် ပြသခွင့်ရခဲ့သည်။ ကော်ဖီစိုက်ပျိုးမှုအများဆုံးဖြစ်သော ရှမ်းပြည်နယ်၊ ရွာင်ဒေသကော်ဖီဈေးကွက်တွင် ပြည်တွင်းလုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့်သာ ရောင်းရကြောင်း၊ တရုတ်နိုင်ငံမှ ကုန်သည်များက ကော်ဖီစိုက်ခင်းအထိ ဝယ်ယူရာမှာ ဈေးကောင်းရရှိကြောင်း ကော်ဖီစိုက်တောင်သူ ဦးစိုင်းလုံလွိုင်က ပြောသည်။

၄င်းကပင် ‘ကော်ဖီကို သူဌေးတွေ ဧကအများကြီးစိုက်ကြတယ်။ ဒေသခံတောင်သူတွေက နည်းနည်းပဲစိုက်ကြတယ်။ နည်းနည်းသာစိုက်တဲ့ဒေသခံတွေကို ကော်ဖီစိုက်နည်းပညာတွေ၊ ကော်ဖီမျိုးစိတ်တွေ ထိထိရောက်ရောက် ကူညီပေးသင့်တယ်။ အဲဒါမှ နိုင်ငံခြားဈေးကွက်ကို အများကြီးပို့နိုင်လာမယ်။ ဒေသခံတွေလည်း အဆင်ပြေနိုင်မယ်’ ဟု အကြံပြုပြောဆိုသည်။

**နေရဲ**

## စာမူနှင့် သတင်းများဖိတ်ခေါ်ပါသည်

စက်မှုအလင်းဂျာနယ်တွင် ထည့်သွင်းဖော်ပြနိုင်ရန်အတွက် နည်းပညာဆိုင်ရာဆောင်းပါးများ၊ ထုတ်လုပ်မှုလုပ်ငန်းအတွေ့အကြုံများ၊ နည်းပညာဆိုင်ရာ Internet သတင်းများ၊ သုတ၊ ရသ၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဟာသစာမူများ၊ ကြော်ငြာများနှင့် စက်ရုံနယ်မြေအလိုက်သတင်းများ၊ သတင်းဓာတ်ပုံများကို ဂျာနယ်တိုက်သို့လည်းကောင်း၊ beaconofindustry @ gmail. com သို့လည်းကောင်းပေးပို့နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။ စာမူများပေးပို့ရာတွင် ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း၊ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်း ဝန်ခံချက်နှင့်အတူ အမည်ရင်း၊ ကလောင်အမည်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရန်ဖုန်းနှင့် လိပ်စာတို့ကို ဖော်ပြပေးပို့သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

**စက်မှုအလင်းဂျာနယ်**

## မြေပဒေသာကျွန်းပန်းပွဲတော်တွင် မှိုများ ကြာရှည်အထားခံနိုင်ရန်နည်းပညာများပေး



မှိုများကို ကြာရှည်အထားခံနိုင်ရန်နှင့်တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ဈေးကောင်းရရှိနိုင်ရန် နည်းပညာများကို မှိုအစုအဖွဲ့မှစိုက်ပျိုးသူများထံသို့ ရန်ကုန်မြို့ မြေပဒေသာကျွန်းရှိ ပန်းပွဲတော်တွင် နည်းပညာများပေးလျက်ရှိကြောင်း သိရသည်။

မှိုများမှာ အဖူးများသာဈေးကောင်းရရှိပြီး ပွင့်သွားပါကဈေးမရတော့သည့်အတွက် မှိုစိုက်တောင်သူများကို မှိုများကြာရှည်ခံနိုင်ရန် နည်းပညာပေးခြင်းနှင့်ပတ်သက်ပြီး မှိုအစုအဖွဲ့မှဈေးကွက်တာဝန်ခံ ဦးဉာဏ်လင်းထွန်းက ‘မှိုကိုကြာရှည်အထားခံနိုင်အောင် မှိုဆီစိမ်တို့၊ မှိုချဉ်တို့၊ ဆားရည်စိမ်ပုံစံမျိုးလေးတွေလုပ်ပြီးတော့ တန်ဖိုးမြှင့်ထုတ်ကုန်အနေနဲ့ ပစ္စည်းလည်းထိန်းတယ်။ နောက်ဒီအပေါ်မှာလည်း လုပ်အားခကိုပြန်အမြတ်ရတဲ့ပုံစံနဲ့လုပ်ပြတာပါ’ ဟုပြောသည်။

ထို့ပြင် မှိုများမှာစတင်စိုက်ပျိုးချိန်မှ ကိုးရက်တွင်စတင်ဆွတ်ခူးနိုင်ပြီး ၁၅ ရက်ကြာပါက မှိုတစ်ပေါင်ပြီးစီးကြောင်း၊ မှိုများခူးပါက ဈေးကွက်သို့အချိန်မီပေးရကြောင်း၊ မှိုဖူးတစ်ပိဿာလျှင် ငွေကျပ် ၅,၀၀၀ ရရှိချိန်တွင် မှိုပွင့်တစ်ပိဿာလျှင် ၂,၀၀၀ ကျပ်ခန့်သာရရှိတတ်ကြောင်း သိရသည်။

‘မှိုကို ဈေးဆွဲပြီးရောင်းလို့မရဘူး။ အချိန်ကြာလာတာနဲ့အမျှ ရောင်းသူလက်ထဲမှာ ပွင့်ရောပဲ။ ဒီပြဿနာတွေရှိတော့ စိုက်သူနဲ့ရောင်းသူချိန်ကိုက်ပြီး အလုပ်လုပ်နေရတယ်။ ဒီအချိန်မှာ စိုက်သူကရောင်းရင် ညပိုင်းမှာထဲက ပစ္စည်းကိုကုန်အောင်ရောင်းကြတယ်။ မနက်လင်းပိုင်း မှိုထပ်ဝင်ရင် ၆ နာရီနဲ့ ၇ နာရီမှာ အမြန်ကုန်အောင်ရောင်းကြရတယ်။ နေထွက်လာတာနဲ့အမျှ မှိုကပွင့်တယ်’ ဟု ၄င်းကပြောသည်။

အဆိုပါတန်ဖိုးမြှင့်ထုတ်ကုန်ကုန်ချောပြုလုပ်သည့် နည်းပညာများပေးခြင်းဖြင့် ယင်းကုန်ချောများကို ဟိုတယ်လုပ်ငန်းများ၊ စားသောက်ကုန်လုပ်ငန်းများမှ လာရောက်ဝယ်ယူသွားပါက လက်ရှိမှိုစိုက်ပျိုးသူများ ကြုံတွေ့နေရသည့် အခက်အခဲများ ကင်းဝေးသွားနိုင်မည်ဖြစ်ကြောင်းသိရသည်။

**ချိန်သီး**

# အအေးမိနှာစေးခြင်း

## (Common Cold)

ရာသီဥတုအပြောင်းအလဲမှာ အအေးမိနှာစေးခြင်းဖြစ်တယ်။ ဦးစွာ ချမ်းစိမ့်စိမ့်ဖြစ်ရာမှ နှာချေ၊ နှာရည်ယို၊ ခေါင်းအုံ၊ ခေါင်းကိုက်ကာ ကိုယ်အနည်းငယ်ပူလာတယ်။ နှာစေးခြင်းဟာ အသေးအဖွဲရောဂါလက္ခဏာတစ်ရပ်ဖြစ်တယ်။ နောက်ဆက်တွဲ ဒုက္ခပေးနိုင်တဲ့ရောဂါဆိုးများလည်းရှိပါတယ်။

နှာစေးခြင်းသဘာဝအရ ရာသီဥတုဖောက်ပြန်ရင် အအေးမိနှာစေးတယ်လို့ ယူဆတတ်တယ်။ ရာသီဥတုကိုသာ အပြစ်ဖို့လေ့ရှိတယ်။ အချိန်ကာလ ယန္တရားမှန်မှန်လည်ပတ်နေတဲ့အားလျော်စွာ သဘာဝသီနဲ့သူဖြစ်ပေါ်ပြောင်းလဲခြင်းဖြစ်တယ်။ လူတို့ရဲ့ဂရုမစိုက်ပေါ့ပေါ့ဆဆနေမှု၊ ကိုယ်တွင်းခုခံစွမ်းအားပေါ် မူတည်တယ်။

**အအေးမိနှာစေးခြင်း**ဟာ ရာသီဥတုအပြောင်းအလဲ၊ ပတ်ဝန်းကျင်အခြေအနေ၊ ကျန်းမာရေးအလေ့အကျင့်၊ ကိုယ်တွင်းခုခံမှုစွမ်းအားနဲ့ အသက်ရှူလမ်းကြောင်းတစ်လျှောက် အမြှေးများရဲ့အားနည်းမှုပေါ် မူတည်တယ်။ ရောဂါပိုးဟာ ပင်လယ်ပြင်ထဲမှလူဖြစ်တယ်။ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါပိုးများဟာ ပတ်ဝန်းကျင်လေထုထဲဝိုင်းဝိုင်းလည်လျက် လူတို့ရဲ့ခန္ဓာကိုယ်အတွင်းကိုဝင်ရောက်ဖို့ အခွင့်ကောင်းစောင့်လေ့ရှိတယ်။ အခွင့်အလမ်းရပါက နှာစေး၊ ချောင်းဆိုးခြင်းဖြစ်ပေါ်လာလေ့ရှိတယ်။ နှာခေါင်းအတွင်းရှိ အမြှေးပါးဟာ ပတ်ဝန်းကျင်ရဲ့အပူချိန်၊ စွတ်စိုမှု၊ ဖုန်မှုန့်၊ နေရောင်ခြည်၊ လေတိုက်ခြင်းတို့ကိုတုံ့ပြန်လွယ်လို့ လူတို့မကြာဏာနှာစေးနှာမှန်လေ့ရှိတယ်။

**နှာစေး၊ နှာမှန်**တဲ့အခါ နှာခေါင်းအတွင်းရှိအမြှေးပါးများရောင်ရမ်းပြီး အရည်များနဲ့ဖုံးအုပ်နေလို့ နှာခေါင်းအတွင်းရှိအာရုံခံဆဲလ်များ အန့်ကောင်းကောင်းလက်မခံနိုင်လို့ ဂန္ဓအာရုံထိခိုက်လေ့ရှိတယ်။

**နှာစေးခြင်း**အကြောင်းရင်းများအနက် အများဆုံးမှာ ဗိုင်းရပ်စ်ရောဂါပိုးကြောင့်ဖြစ်တဲ့ အအေးမိနှာစေးခြင်းဖြစ်တယ်။ မိုးဦးကျကာလ ပတ်ဝန်းကျင်မှာအလွန်ပူရာမှ အေးလာတဲ့အချိန်မှာ မိုးမိရင် (သို့) မိုးရွာခြင်းမှအအေးဓာတ်ရပြီး လူကအမှတ်တမဲ့ပေါ့ပေါ့ဆဆနေမိရင် ကိုယ်တွင်းခုခံမှုစွမ်းအင်နည်းနေစဉ် အအေးမိနှာစေးခြင်းဖြစ်ပေါ်လာတယ်။

နှာစေးခြင်း၊ နှာချေခြင်း၊ နှာရည်ယိုခြင်း၊ အာခေါင်ပူခြင်း၊ ဇက်လေးခေါင်းအုံခြင်းတို့ ဆက်ပြီးဖြစ်လာလေ့ရှိတယ်။ ယင်းအချိန်မှာ ကိုယ်ခန္ဓာလှုပ်ရှားစွာနေရင် ချွေးထွက်ပြီးနောက် ဂရုတစိုက်အနားယူသင့်တယ်။

အအေးမိခြင်း၊ အပူရှပ်ခြင်း၊ တစ်ခုခုနဲ့ဓာတ်မတည့်ခြင်း၊ ဖုန်ထူတဲ့နေရာသွားခြင်း၊ လေစိမ်းတိုက်ခံအပြီးကာလနဲ့ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါအချို့၊ ဥပမာ လည်ချောင်းနာခြင်း စတာတွေမှာ နှာစေးလေ့ရှိတယ်။ ကလေးငယ်တွေမှာ ဝက်သက်ထွက်ခါနီးမှာ နှာမှန်နှာစေးလေ့ရှိတယ်။ စိတ်ဖိစီးမှုကြောင့်လည်း




အလိုလိုနှာစေးခြင်းဖြစ်နိုင်တယ်။

**မူးယစ်ထုံထိုင်းဘေးဖြစ်စေတဲ့** ဆေးစွဲသူများ ဆေးမမှီဝဲတဲ့အခါ၊ ဆေးပြတ်တဲ့အခါ အခြားလက္ခဏာတွေနဲ့အတူ နှာစေးလေ့ရှိတယ်။ ပြင်းထန်စွာငိုကြွေးပြီးတဲ့အခါ အလွန်အမင်းဝမ်းသာအားရရယ်ပြီးတဲ့အခါ ခေတ္တခဏနှာရည်ယို၊ နှာစေးလေ့ရှိတယ်။

**နှာစေးခြင်းရဲ့နောက်ဆက်တွဲအန္တရာယ်**မှာ နှာစေးခြင်းကို ဂရုမစိုက်ပေါ့ပေါ့ဆဆနေမိပါက နှာစေးရာမှတစ်ဆင့် ပိုမိုဆိုးရွားတဲ့အန္တရာယ်များဖြစ်တဲ့ လည်ချောင်းနာခြင်း၊ အဆုတ်အအေးမိခြင်း၊ အဆုတ်လေပြွန်ရောင်ခြင်း၊ နှာခေါင်းမှပြည်ထွက်ခြင်း၊ ထိပ်ကပ်နာ၊ လေးဘက်နာ၊ ကျောက်ကပ်ရောင်ခြင်းတို့ဖြစ်လာနိုင်ပါတယ်။

အဖြစ်များတဲ့လေးဘက်နာရောဂါဟာ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ အဖြစ်များတယ်။ မြန်မာနိုင်ငံမှာ အဖြစ်အများဆုံးနှလုံးရောဂါမှာ လေးဘက်နာကြောင့်ဖြစ်တဲ့ လေးဘက်နာလွန်နှလုံးရောဂါဖြစ်တယ်။ အအေးမိနှာစေးခြင်း၊ လည်ချောင်းနာခြင်း၊ ပသိရောင်ခြင်းစတဲ့ အာဂန္တုရောဂါငယ်များမှ ယင်းရောဂါအစပြုလာတယ်။ နှာစေးရာမှတစ်ဆင့် အချို့ဘက်တီးရီးယားရောဂါတစ်မျိုး ကိုယ်တွင်းဝင်ရောက်ပေါက်ဖွားပြီး နောက်ဆက်တွဲအန္တရာယ်များဖြစ်ပေါ်လာတတ်တယ်။

**ကိုယ်လက်အဆစ်အမြစ်များ** တစ်နေရာမှတစ်နေရာကို ပြောင်းရွှေ့ကိုက်ခဲလို့ရောင်ခြင်း၊ ဖျားခြင်းကိုအစပြုခဲ့ပြီး ထိထိရောက်ရောက်မကုနိုင်ရင် နောက်ဆုံးနှလုံးလွှာအသီးသီးရောင်တဲ့ လေးဘက်နာလွန်နှလုံးရောဂါဖြစ်လာတယ်။

**နှာစေးခြင်းမဖြစ်ဖို့** ရာသီဥတုကို အပြစ်ဖို့မနေသင့်။ ကိုယ်တွင်းခုခံမှုစွမ်းအင်ကိုမြှင့်တင်ပြီး၊ မှန်ကန်တဲ့ကျန်းမာရေးအလေ့အကျင့်များနဲ့ ကျင့်ကြံနေထိုင်ရမှာဖြစ်တယ်။ သဘာဝကိုယ်တွင်းခုခံမှုစွမ်းအင် မြင့်တက်လာစေဖို့ အသား၊ ကြက်ဥ၊ ဘဲဥ၊ နို့ (သို့) ပဲအမျိုးမျိုး၊ လတ်ဆတ်သန့်ရှင်းတဲ့ ဟင်းသီးဟင်းရွက်များစားခြင်း၊ နေ့စဉ်ကိုယ်လက်လှုပ်ရှားမှု နာရီဝက်မှတစ်နာရီ အပြေး၊ လမ်းလျှောက်၊ စက်ဘီးစီး၊ ရေကူးခြင်းပြုလုပ်ခြင်း၊ တစ်ကိုယ်ရည်ကျန်းမာရေးနှင့် ပြည့်စုံအောင်နေထိုင်ခြင်းတို့လိုအပ်ပါတယ်။

**တစ်ကိုယ်ရည်သန့်ရှင်းရေး**ဆိုင်ရာမှာ နေ့စဉ်ရေနွေးနှစ်ကြိမ်ချိုးခြင်း၊ ရေချိုးစဉ် ကိုယ်တိုက်ဆပ်ပြာသုံးခြင်း၊ အဝတ်အစားမှန်မှန်လျှော်ခြင်း၊ ဆံပင်သန့်မစွဲအောင်ထားရှိခြင်း၊ သွားတစ်နေ့နှစ်ကြိမ်တိုက်ခြင်း၊ မျက်စိများမျက်ချေးမထွက်ဖို့၊ နှာခေါင်းနှာရည်မယိုဖို့၊ ချောင်းဆိုးရင် လက်ကိုင်ပုဝါအုပ်ဆိုးဖို့အထိ ပါဝင်ပါတယ်။

**မှန်ကန်တဲ့ကျန်းမာရေးအလေ့အကျင့်များ**-နှာစေးခြင်းရဲ့နောက်ဆက်တွဲအန္တရာယ်များဟာ လူသားတို့အပေါ်အလွန်ဒုက္ခပေးနိုင်တဲ့ရောဂါဆိုးများဖြစ်ကြရာ နှာစေးခြင်းမဖြစ်စေဖို့ မှန်ကန်တဲ့ကျန်းမာရေးအလေ့အကျင့်များဖြစ်အောင် အောက်ပါအချက်အလက်တွေ လိုက်နာသင့်ပါတယ်-

(၁) အပြင်ထွက်ရင် နေပူခြင်း၊ လေတိုက်ခြင်း၊ ဖုန်ထူခြင်း၊ မိုးရွာခြင်းတို့ ဂရုပြုသင့်ပါတယ်။

(၂) မိုးမိရင် ရေစိုအဝတ်များ ကိုယ်ပေါ်မှာကြာမြင့်အောင်မထားဘဲ အဝတ်အမြန်လဲပြီး ခန္ဓာကိုယ်ကိုခြောက်သွေ့ပြီး နွေးနွေးထွေးထွေးရှိစေရမယ်။

(၃) လူနေထူထပ်တဲ့နေရာတွေ၊ ပွဲလမ်းသဘင်တွေ အသွားအလာ ဆင်ခြင်သင့်ပါတယ်။

(၄) တစ်ကိုယ်ရည်သန့်ရှင်းရေးရှိရမယ်။ နှာစေးရင်၊ ချောင်းဆိုးရင် လက်ကိုင်ပုဝါသုံးပြီး လူနေထူထပ်တဲ့ရုပ်ရှင်ရုံ၊ ဘတ်စ်ကား၊ ပွဲလမ်းသဘင်၊ ဈေးသို့ အထူးဆင်ခြင်ပြီးသွားသင့်ပါတယ်။

(၅) တံတွေးကို အရမ်းမဲ့စွန့်ပစ်ခြင်းမပြုသင့်ပါဘူး။

(၆) နှာစေးသူများနဲ့တတ်နိုင်သမျှ နီးနီးကပ်ကပ်မနေသင့်ပါဘူး။

(၇) နေ့စဉ်သင့်တင့်မျှတပြီး မှန်ကန်တဲ့ကိုယ်လက်လှုပ်ရှားမှု (အပြေး၊ လမ်းလျှောက်၊ ရေကူး၊ စက်ဘီးစီးခြင်း) များ တစ်နာရီ (သို့) နာရီဝက်လုပ်ဆောင်ဖို့လိုပါတယ်။

(၈) နှာစေးခြင်း၊ နှာချေခြင်း၊ အနည်းငယ်ချောင်းဆိုးခြင်းဖြစ်ပေါ်လာရင် တစ်ရက်၊ နှစ်ရက်အနားယူရမယ်။

(၉) အနားယူပေမယ့်မသက်သာရင် မိသားစုဆရာဝန်နဲ့ပြသပြီး တိကျသေချာတဲ့ဆေးကုထုံးကိုခံယူပြီး ရောဂါပျောက်ကင်းမှ မူလလုပ်ဆောင်နေကျအလုပ်များ လုပ်ဆောင်သင့်ပါတယ်။

**နှာစေးခြင်းမဖြစ်စေဖို့** ရာသီဥတုကိုအပြစ်မဖို့ဘဲ ကိုယ်တွင်းခုခံအားစနစ်မြှင့်တင်ပေးပြီး မှန်ကန်တဲ့ကျန်းမာရေးအလေ့အကျင့်များနဲ့ နေထိုင်တတ်ဖို့လိုပါတယ်။

မြန်မာနိုင်ငံမှာအဖြစ်များတဲ့ နှလုံးရောဂါမှာ လေးဖက်နာရောဂါကြောင့်ဖြစ်တဲ့ လေးဘက်နာလွန်နှလုံးရောဂါဖြစ်ပြီး စထရပ်ကိုကော့ကပ်ဘက်တီးရီးယားကို သေသေချာချာပျောက်ကင်းအောင်မကုလို့ သွေးထဲဝင်ရောက်ရာမှ လေးဘက်နာဖြစ်ခြင်း၊ နှလုံးရောဂါရခြင်းဖြစ်တယ်။



**ဒေါက်တာလွင်သန့်**

# ဗိုလ်ချုပ်အောင်ဆန်းဈေး၌ အပြာရောင်ကမ္ပည်းပြားတပ်ဆင်

၁၉၆၂ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး ရန်ကုန်မြို့တွင် အရေးပါသည့်ဈေးဝယ်နေရာတစ်ခုဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်းဈေးသည် ၂၀၁၆ ခုနှစ်တွင် နှစ် (၉၀) ပြည့်မြောက်ခဲ့ပြီး သမိုင်းအမွေအနှစ် အဆောက်အအုံတစ်ခုဖြစ်သည့်အတွက် ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ၁၆ ခုမြောက် ကမ္ပည်းပြားတပ်ဆင်မှုကို ဇန်နဝါရီလ ၂၀ ရက်



နေ့ကပြုလုပ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့တွင် ရှင်သန်ဆဲခေတ်အဆက်ဆက်၊ လူတန်းစားအသီးသီးအတွက် နောက်ဆုံးပေါ်ဖက်ရှင်အဝတ်အထည်များ၊ လက်ဝတ်ရတနာများ၊ နေ့စဉ်လိုအပ်သည့်ပစ္စည်းများ ဝယ်ယူရာနှင့်အားလပ်ချိန် အပန်းဖြေလည်ပတ်စရာ နေရာတစ်ခုအဖြစ်ထင်ရှားသည့် နေရာတစ်ခုလည်းဖြစ်သည်။

ဂျပန်ခေတ်ကာလက ယင်းဈေးကြီးကို ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ရန်နိုင်ကို ဂုဏ်ပြုသည့်အနေဖြင့် ရန်နိုင်ဈေးဟုအမည်ပေးခဲ့ပြီး လွတ်လပ်ရေးရပြီးသည့်အခါ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို အမှတ်တရဂုဏ်ပြုသောအားဖြင့် ဗိုလ်ချုပ်အောင်ဆန်းဈေးဟု အမည်ပြောင်းလဲခဲ့ကြောင်း သိရသည်။

**မြင့်မြတ်အောင်မြင့်**

**စက်မှုအလင်း ဂျာနယ်**
**Beacon of Industry Journal**

**စာတည်းမှူးချုပ်**
ဦးကျော်လှိုင်

**ဒုတိယစာတည်းမှူးချုပ်**
ဦးစည်သူဝင်း

**မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း**
ဦးဟိန်းမင်းဇာ

**စာမျက်နှာအပြင်အဆင်**
ဒေါ်ခင်ငွေဝင်း၊ ဒေါ်ခင်သီတာမိုး

**ဖြန့်ချိရေးနှင့်ပြင်ပဆက်ဆံရေး**
ဦးအောင်ကြည်၊ ဦးမင်းထွဏ်းဦး

**ထုတ်ဝေသူ**
ဦးအောင်စိုးရ
ထုတ်ဝေခြင်းလုပ်ငန်း
အသိအမှတ်ပြုလက်မှတ်အမှတ် – ၀၀၅၀၁

**ပုံနှိပ်သူ/ပုံနှိပ်တိုက်**
ဦးမောင်မောင်လှ
ရွှေနိုင်ငံ (၀၀၂၉၆)
ရန်ကုန်မြို့
စောင်ရေ ၃၇၀၀

**ဂျာနယ်တိုက်လိပ်စာ**
ရုံးအမှတ် (၃၀)
စက်မှုဝန်ကြီးဌာန
နေပြည်တော်
ဖုန်း – ၀၆၇ – ၄၀၅၀၅၇
၀၁ – ၂၅၀၆၅၁

E-mail
beaconofindustry@gmail.com

ကျောဖုံးမှ-

# 'နိုင်ငံတကာနည်းပညာပြပွဲကြီး' ကျင်းပ

စက်မှုဝန်ကြီးဌာနမှကြီးမှူး၍ မြန်မာနိုင်ငံ၏အနာဂတ်စက်မှုနည်းပညာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် 'နိုင်ငံတကာနည်းပညာပြပွဲကြီး' ကို ဇန်နဝါရီလ ၂၇ ရက်နေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့တပ်မတော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ စက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုတင်၊ UMFCCI ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ Myanmar Industries Associations (MIA) ဥက္ကဋ္ဌ ဒေါက်တာအောင်သိန်း၊ KBZ Bank မှ Senior Managing Director ဦးအောင်ကျော်မျိုးနှင့် MPS မှမန်နေဂျင်းဒါရိုက်တာ ဒေါက်တာဇာနည်မောင်မောင်တို့က 'နိုင်ငံတကာနည်းပညာပြပွဲကြီး' ကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြခန်းများအားလှည့်လည်ကြည့်ရှုခဲ့သည်။

အဆိုပါပြပွဲတွင် စက်မှုဝန်ကြီးဌာနပြခန်း ၃၆ ခန်း၊ စားသောက်ကုန်ပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်း၊ အိမ်ဆောက်ပစ္စည်း၊ ပရိဘောဂပစ္စည်း၊ အိမ်တွင်းအလှဆင်ပစ္စည်း၊ အိမ်သုံးပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ KBZ Bank နှင့် CB Bank လုပ်ငန်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ အမျိုးသမီးအသုံးအဆောင်ပစ္စည်းများအပါအဝင် ကုမ္ပဏီပေါင်း ၆၀ ကျော်က ပြခန်းပေါင်း ၁၄၀ ခန့်ပါဝင်ပြသထားပြီး ဇန်နဝါရီလ ၂၇ ရက်နေ့မှ ၂၉ ရက်နေ့အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသခဲ့ကြောင်းသိရသည်။ **KMC**



(ဓာတ်ပုံ) ဝင်းနိုင် (စက်မှု)

# AYA Bank နှင့်ပူးပေါင်း၍ ပရိဘောဂနှင့်မွေ့ယာများကို (၆) လ အရစ်ကျ အတိုးမဲ့ငွေချေစနစ်နှင့် ရောင်းချမည်




ထိုင်းနိုင်ငံ နာမည်ကြီးနံပါတ် (၁) အဆင့်မြင့်ပရိဘောဂများနှင့် USA နံပါတ် (၁) မွေ့ယာများအား Index Living Mall မှတစ်ဆင့် မြန်မာပြည်တွင်တင်သွင်းရောင်းချမည့် ပရိဘောဂကုမ္ပဏီ Prime Living Co., Ltd. နှင့် AYA Bank ပူးပေါင်း၍ (၆) လ အရစ်ကျ အတိုးမဲ့ငွေပေးချေဝယ်ယူနိုင်သောစနစ်အကြောင်းနှင့် Index Furniture ၏ Branch ပရိဘောဂပစ္စည်းအရောင်းဆိုင်ရွှေဂုံတိုင် Show Room ဆိုင်ခွဲဖွင့်လှစ်မှုအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး၊ အဆိုပါဆိုင်ခွဲတည်ရှိရာ အမှတ် (၅၂၀ အေ၊ ၆ ဘီ)၊ ကမ္ဘာအေးဘုရားလမ်းတွင် ဇန်နဝါရီလ ၂၁ ရက် နေ့၊ နံနက် ၉ နာရီတွင်ကျင်းပသည်။

ပရိဘောပစ္စည်းများရောင်းဝယ်သည့် Index Living Mall Co.,Ltd. သည် မြန်မာနိုင်ငံအပါအဝင် ဗီယက်နမ်၊ လာအို၊ မလေးရှား၊ နီပေါ၊ ပါကစ္စတန်နှင့်ရုရှားတို့တွင် Branch ဆိုင်ခွဲပေါင်း ၄၆ ဆိုင်ဖွင့်လှစ်ခဲ့ပြီး ထိုင်းနိုင်ငံ၏အကြီးဆုံးပရိဘောဂထုတ်လုပ်သူအဖြစ် ရပ်တည်လျက်ရှိပြီး၊ အဆိုပါရုံးသုံး၊ ကျောင်းသုံး၊ ကုမ္ပဏီသုံး၊ အိမ်သုံးပရိဘောဂပစ္စည်းများကို ဝယ်ယူလိုပါက ယခုဖွင့်လှစ်သည့် ရွှေဂုံတိုင်ဆိုင်ခွဲတွင် ဝယ်ယူရရှိနိုင်ကြောင်းသိရှိရသည်။

**သန်းဦးလှိုင်**

## လျှပ်စစ်ကျွမ်းကျင်မှု (အခြေခံ) သင်တန်း အမှတ်စဉ် (၁/၂၀၁၇) ဖွင့်လှစ်



စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှကြီးမှူး၍ လျှပ်စစ်ကျွမ်းကျင်မှု (အခြေခံ) သင်တန်းအမှတ်စဉ် (၁/၂၀၁၇) သင်တန်းဖွင့်ပွဲကို ဇန်နဝါရီလ ၂၃ ရက်နေ့၊ နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၃၅) ကျိုက်ဝိုင်းဘုရားလမ်းရှိ လျှပ်စစ် စစ်ဆေးရေးသင်တန်းခန်းမတွင် ကျင်းပရာ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမိုးကျော်တက်ရောက်၍ အမှာစကားပြောကြားကာ သင်တန်းဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါသင်တန်းသို့ စက်မှုဝန်ကြီးဌာနမှ သင်တန်းသား/သူ ၁၃ ဦး၊ အခြားဝန်ကြီးဌာနမှ ၁၄ ဦး၊ ပြင်ပသင်တန်းသား ၇၀ ဦး၊ စုစုပေါင်း ၉၇ ဦးတက်ရောက်သင်ကြားလျက်ရှိရာ သင်တန်းကာလအတွင်း တိုင်းဒေသကြီး၊ ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ လျှပ်စစ်စစ်ဆေးရေးမှ အရာထမ်းနှင့်အငြိမ်းစားဆရာကြီးများ၊ ရန်ကုန်တိုင်းလျှပ်စစ်ဓာတ်အားပေးကော်ပိုရေးရှင်း၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအပါအဝင် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ ဘာသာရပ်အလိုက် သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်းသိရသည်။

'ယခုအခါ လျှပ်စစ်ဥပဒေသစ်ကို ၂၀၁၄ ခုနှစ်ကတည်းက ပြဋ္ဌာန်းပြီးဖြစ်တဲ့အတွက် နိုင်ငံတကာနှင့်အညီ ရင်ဘောင်တန်းနိုင်မည့် နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းသစ်များအား ပြင်ဆင်ရေးဆွဲနေပြီဖြစ်ကြောင်း၊ ဈေးကွက်စောင့်ကြည့်စနစ် (Post Market Surveillance) လည်းပါလာမည်ဖြစ်ကြောင်း၊ စံချိန်စံညွှန်းအရည်အသွေးမပြည့်စုံသည့် လျှပ်စစ်နှင့်အီလက်ထရောနစ်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ တင်ပို့ခြင်း၊ တင်သွင်းခြင်း၊ ရောင်းချခြင်းများမှာ လျှပ်စစ်ဥပဒေအရ ဆောင်ရွက်လာနိုင်မည်ဖြစ်၍ လျှပ်စစ်သုံးပစ္စည်းများကြောင့်ဖြစ်ပေါ်နိုင်သည့် လျှပ်စစ်အန္တရာယ်များလျော့ပါးသွားမည်ဖြစ်ကြောင်း၊ လျှပ်စစ်ပညာရပ်အားသူတစ်မျိုး၊ ကိုယ်တစ်မျိုးသုံးစွဲ၍မရကြောင်း၊ Harmonize Standard တစ်ပြေးညီသတ်မှတ်ကာ စံချိန်စံညွှန်းများ၊ Technical Regulation များ၊ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေများနှင့်ကိုက်ညီစွာ လိုက်နာကျင့်သုံးလုပ်ကိုင်မှသာ အန္တရာယ်ကင်းမည်ဖြစ်ကြောင်း' ဒုတိယညွှန်ကြားရေးမှူးချုပ်က သင်တန်းဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

လျှပ်စစ်ကျွမ်းကျင်မှုအခြေခံသင်တန်း (၁/၂၀၁၇) သင်တန်းကို (၂၃. ၁. ၂၀၁၇) မှ (၃. ၃. ၂၀၁၇) ရက်နေ့အထိ ရက်သတ္တပတ် ၆ ပတ်ကြာပို့ချပေးမည်ဖြစ်ပြီး နှစ်စဉ်တစ်နှစ်လျှင် (၂) ကြိမ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်းသိရှိရသည်။

**မင်းထွဏ်း**

## 'ကိုယ်စောင့်နတ်' ရုပ်ရှင်ကား စာနယ်ဇင်းမိတ်ဆက်

Myanmar Media 7 Co.,Ltd. မှ ထုတ်လုပ်ရိုက်ကူးမည့် 'ကိုယ်စောင့်နတ်' ရုပ်ရှင်ဇာတ်ကားကန်တော့ပွဲပေးအပ်နှံပွဲကို ဇန်နဝါရီလ ၁၉ ရက်နေ့၊ နံနက် ၉ နာရီက ရွှေတိဂုံဘုရားအောင်မြေတွင်ပြုလုပ်၍ စာနယ်ဇင်းမိတ်ဆက်ပွဲကို M3 Food Center တွင် ဆက်လက်ကျင်းပခဲ့ကြောင်းသိရသည်။ အဆိုပါဇာတ်ကားကြီးအား ဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့်ဒါရိုက်တာဝင်းလွင်ထက်က ပုံဖော်ရိုက်ကူးမည်ဖြစ်ကာ သရုပ်ဆောင်များအဖြစ် လွှမ်းပိုင်၊ ထွန်းထွန်း၊ ရဲထွေးအောင်၊ ခင်ဝင့်ဝါနှင့်ခိုင်သဇင်ငုဝါတို့မှ အဓိကပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ပြီး အကယ်ဒမီရန်အောင်၊ အကယ်ဒမီရဲအောင်၊ အကယ်ဒမီမေသဉ္ဇာဦး၊ အကယ်ဒမီဂွမ်းပုံလေးနှင့်ဇာတ်ပို့ဇာတ်ရံများစွာ ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်ကြောင်းနှင့် ဝါရင့်သရုပ်ဆောင်မင်းသားကျော်သူက ဧည့်သည်သရုပ်ဆောင်အဖြစ်ပါဝင်ကူညီမည်ဖြစ်ကာ လူငယ်ပညာပေးဇာတ်ကားကောင်းအဖြစ် ဇန်နဝါရီလ ၂၈ ရက်နေ့က စတင်ရိုက်ကူးခဲ့ကြောင်းသိရှိရသည်။

**မင်းထွဏ်း**

## မီးသတ်တပ်ဖွဲ့ဝင်များ ရှာဖွေကယ်ဆယ်ရေးစွမ်းရည်ပြိုင်ပွဲ ကျင်းပ

မန္တလေးတိုင်းဒေသကြီး၊ မီးသတ်ဦးစီးဌာနမှကြီးမှူး၍ မီးသတ်တပ်ဖွဲ့ဝင်များရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် စွမ်းရည်ထက်မြက်စေရန် မြို့နယ်စခန်းများတွင် လေ့ကျင့်ခဲ့ကြပြီး ရှာဖွေကယ်ဆယ်ရေးစွမ်းရည်ပြိုင်ပွဲကို ဇန်နဝါရီလ ၁၈ ရက်နေ့၊ နံနက် ၁၀ နာရီက မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မီးသတ်စခန်းတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး၊ မီးသတ်ဦးစီးမှူးဦးသန်းဇော်ဦး တက်ရောက်အားပေးပြီး အမှာစကားပြောကြားခဲ့သည်။

ထို့နောက်မန္တလေးခရိုင်အတွင်းရှိ အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမရပူရမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်တို့မှ သန္နေတပ်ဖွဲ့ဝင်များက အထပ်မြင့်အဆောက်အဦမှလူအား ကယ်ဆယ်ခြင်း၊ ကြိုးအသုံးပြု၍ တစ်ဖက်အဆောက်အအုံမှ လူနာအားကယ်ဆယ်ခြင်း၊ ကြွခိုင်စွမ်းရည်အမြင့်တက်ခြင်း၊ မီးခိုးပိတ်နေသောလိုဏ်အတွင်းမှ လူအားကယ်ထုတ်ခြင်းစသည့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအား ယှဉ်ပြိုင်ကြပြီး အမြန်ဆုံးနှင့်စနစ်အကျဆုံးအဖွဲ့များအား အကဲဖြတ်အမှတ်ပေးပြီး ဆုများချီးမြှင့်ခဲ့ကြောင်းသိရသည်။

**မောင်ပြည်သူ**



## ပြည်တွင်းဈေးကွက်အတွင်းရှိ မြန်မာ့တိုင်းရင်းဆေးအားလုံးတွင် အင်္ဂလိပ်ဆေးရောနှောမှု စစ်ဆေးသွားမည်

မြန်မာနိုင်ငံတစ်ဝန်းတွင် ထုတ်လုပ်ရောင်းချနေသည့် ဈေးကွက်တွင်းရှိ မြန်မာ့တိုင်းရင်းဆေးအားလုံးတွင် အင်္ဂလိပ်ဆေးရောနှောမှုကို စစ်ဆေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး) ၏ဗဟိုတာဝန်ခံ ဦးမောင်မောင်ဦးကပြောကြားသည်။

အဆိုပါစစ်ဆေးခြင်းကို မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် လုပ်ငန်းရှင်များအသင်း (Myanmar Traditional Medicine Industries Association) ဟူ၍ ဖွဲ့စည်းပြီး အသင်းပိုင်ဓာတ်ခွဲခန်းထူထောင်ကာ စစ်ဆေးသွားမည်ဖြစ်ကြောင်း ၎င်းကဖြည့်စွက်ပြောသည်။ ယင်းတိုင်းရင်းဆေးများအားလုံးတွင် အင်္ဂလိပ်ဆေးရောနှောမှုရှိ/မရှိကို နေ့စဉ်ဆေးအမျိုးအစား ၃၀ မှ ၅၀ ကြားကို စစ်ဆေးခြင်းဖြင့် ၂ နှစ်မှ ၃ နှစ်အကြာတွင် မြန်မာနိုင်ငံတစ်ဝန်းတွင် ထုတ်လုပ်ရောင်းချနေသည့် ဆေးများအားလုံးကို စစ်ဆေးသွားမည်ဖြစ်ကြောင်းသိရသည်။ အင်္ဂလိပ်ဆေးရောနှောထားမှုကို စစ်ဆေးတွေ့ရှိပါက သက်ဆိုင်ရာတိုင်းရင်းဆေးပညာဦးစီးဌာနထံ အသိပေးသွားမည်ဖြစ်ကြောင်း ၎င်းကထပ်လောင်းပြောကြားခဲ့သည်။

မြန်မာ့တိုင်းရင်းဆေးများကို ထုတ်လုပ်ရောင်းချရန် တိုင်းရင်းဆေးပညာဦးစီးဌာနထံက ခွင့်ပြုချက်ရယူပြီး ဦးစီးဌာနအနေဖြင့် တိုင်းရင်းဆေးများကို ဓာတ်ခွဲစစ်ဆေးရာတွင် တိုင်းရင်းဆေးတွင်အပင်ပါဝင်ပါက အပင်စစ်ခြင်း/ မစစ်ခြင်း၊ အနောက်တိုင်းဆေးရောနှောမှု ရှိ/မရှိ ခဲ၊ ပြဒါး၊ အာဆင်းနစ် (စိန်) တို့ ပါဝင်မှုရှိ/မရှိ မှိုနှင့်အခြားအန္တရာယ်ရှိပစ္စည်းများ ပါဝင်မှုတို့ကို သုံးကြိမ်စစ်ဆေးကြောင်း တိုင်းရင်းဆေးပညာဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှသိရသည်။

**မြင့်မြတ်အောင်မြင့်**

## မီးဘေးအန္တရာယ်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

စက်မှုဝန်ကြီးဌာန၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) မီးဘေးလုံခြုံရေးစီမံချက်ပါအတိုင်း ဇာတ်တိုက်လေ့ကျင့်မှုကို တောင်ကြီးခရိုင် မီးသတ်ဦးစီးဌာနနှင့်ပူးပေါင်း၍ ဇန်နဝါရီလ ၂၄ ရက်နေ့ နေ့လယ် ၂ နာရီအချိန်တွင် စက်ရုံဝင်းအတွင်း၌ကျင်းပပြုလုပ်ရာ စက်ရုံရှိအရာထမ်း၊ အမှုထမ်း ၃၃၇ ဦးနှင့် မီးသတ်ဝန်ထမ်း ၁၅ ဦး တက်ရောက်ခဲ့ကြောင်းသိရသည်။

စက်ရုံ Dinning Hall တွင် ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်သူက မီးလောင်မှုစတင်ဖြစ်ပွားတတ်သည့်အကြောင်းအရင်းများ၊ ဓာတ်ငွေ့အိုးသုံးစွဲရမည့်နည်းလမ်းနှင့် မီးလောင်မှုငြိမ်းသတ်ပုံ၊ တားဆီးကာကွယ်ရမည့်နည်းလမ်း၊ သဘာဝဘေးအန္တရာယ်ကြောင့် မီးလောင်မှုဖြစ်ပွားနိုင်သည့်အကြောင်း၊ မီးသတ်ဆေးဘူးများနှင့် သုံးစွဲမှုနည်းလမ်းများကို Pro-jector ဖြင့် အသေးစိတ်ရှင်းလင်း ဆွေးနွေးဟောပြောပြီး မီးစွဲလောင်နေသောအဆောက်အဦကို မီးသတ်ကားဖြင့် ပက်ဖြန်းငြိမ်းသတ်ခြင်း၊ ဆီမီးငြိမ်းသတ်ခြင်းတို့ကို ဝန်ထမ်းများအား သရုပ်ပြခြင်း၊ လက်တွေ့ငြိမ်းသတ်ခြင်းတို့ ပြုလုပ်လေ့ကျင့်ခဲ့သည်။

ဆက်လက်၍ မီးငြိမ်းသတ်ရေး အထောက်အကူပြုပစ္စည်းများ၊ အသက်ကယ်ပစ္စည်းများ၊ ကယ်ဆယ်ရေးပစ္စည်းများ အသုံးပြုပုံတို့ကို သရုပ်ပြသပေးခဲ့ကြောင်းသိရသည်။

**စိုးမြင့် (ကျွန်းလှ)**



## ထိုင်းနိုင်ငံတွင်ကျင်းပမည့် နိုင်ငံတကာမွေးမြူရေးပြပွဲ ViV Asia 2017 သို့ သွားရောက်နိုင်ရေးစီစဉ်

ထိုင်းနိုင်ငံဘန်ကောက်မြို့ BITEC တွင် ၂၀၁၇ ခုနှစ် မတ်လ ၁၅ ရက်နေ့မှ ၁၇ ရက်နေ့အထိကျင်းပမည့် နိုင်ငံတကာမွေးမြူရေးပြပွဲ ViV Asia 2017 သို့ မြန်မာနိုင်ငံမှလုပ်ငန်းရှင်များ၊ မွေးမြူရေးသမားများ လွယ်ကူစွာသွားရောက်နိုင်ရေး စီစဉ်ပေးမည်ဖြစ်ကြောင်းသိရသည်။

အရှေ့တောင်အာရှတွင် အကြီးမားဆုံးဖြစ်သည့် ViV Asia 2017 ပြပွဲကြီးကို နှစ်နှစ်လျှင် တစ်ကြိမ်ကျင်းပလျက်ရှိရာ ယခုနှစ်တွင် နိုင်ငံပေါင်း ၆၀ ကျော်မှ ပြခန်း ၁,၀၀၀ နီးပါးဝင်ရောက်ပြသကြမည်ဖြစ်ပြီး မွေးမြူရေးဆိုင်ရာဆေးဝါးများ၊ မွေးမြူရေးအစာနှင့်ရောစပ်ထုတ်လုပ်ရာတွင် အသုံးပြုရသည့် ဆေးဝါးများ၊ အားဆေးများ၊ မွေးမြူရေးအစာထုတ်လုပ်သည့်စက်များ၊ မွေးမြူရေးခြံသုံးစက်ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ၊ အသား၊ နို့နှင့်ဥထုတ်လုပ်သည့်စက်များ၊ အိမ်မွေးတိရစ္ဆာန်ဆေးဝါးများနှင့်အစာများ စသည်တို့ကိုပြသမည့်အပြင် သစ်သီးဝလံဟင်းသီးဟင်းရွက်စိုက်ပျိုးသူများအတွက် Horti Asia ပြပွဲနှင့် လယ်ယာသုံးစက်ပစ္စည်းကိရိယာများပြပွဲတို့ကိုပါ ပူးတွဲကျင်းပမည်ဖြစ်ရာ အရှေ့တောင်အာရှတွင် အကြီးမားဆုံးစိုက်ပျိုးမွေးမြူရေးဆိုင်ရာပြပွဲကြီးဖြစ်ကြောင်းသိရသည်။ မြန်မာနိုင်ငံမှအဆိုပါပြပွဲသို့ သွားရောက်လိုသူများအတွက် ငွေပင်လယ်မီဒီယာနှင့် ကိုလံဘတ်စ်ခရီးသွားလုပ်ငန်းတို့မှ အထူးအစီအစဉ်ဖြင့် လေယာဉ်လက်မှတ်အသွားအပြန်၊ အဆင့်မြင့်ဟိုတယ်တွင်တည်းခိုခြင်း၊ ဘန်ကောက်တွင်သွားရောက်လည်ပတ်ခြင်း၊ ပြပွဲသို့ သုံးရက်လည်ပတ်ခြင်းနှင့် စိတ်ဝင်စားဖွယ်စိုက်ပျိုးမွေးမြူရေးခြံများ၊ စက်ရုံများလေ့လာခြင်းတို့ကို ၃ ည၊ ၄ ရက်ခရီးစဉ်အဖြစ် စီစဉ်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**ဝင်းမြင့်ဦး**

## ဆေးရုံ ၇၂ ရုံမှ အရေးပေါ်ဌာနများကို အဆင့်မြှင့်တင်မည်

မြန်မာနိုင်ငံအတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ဆေးရုံ ၇၂ ရုံမှ အရေးပေါ်ဌာနများကို ယခုနှစ်အတွင်း အဆင့်မြှင့်တင်ခြင်းများဆောင်ရွက်မည်ဖြစ်ကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှသိရသည်။

ထို့ပြင် ယင်းဆေးရုံများ၌ ဆေးပစ္စည်းနှင့်စက်ကိရိယာများ လုံလောက်စွာရှိရေးအတွက်လုပ်ဆောင်သွားမည်ဖြစ်ပြီး လက်ရှိတွင် ယင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန် တင်ဒါခေါ်ယူထားပြီးဖြစ်သည်။ အရေးပေါ်ဌာနများကို အဆင့်မြှင့်တင်ရာတွင် လှည်းကူး၊ တောင်ငူ၊ ဖြူး၊ မိတ္ထီလာ အပါအဝင် တခြားမြို့များရှိဆေးရုံများကိုလည်း အဆင့်မြှင့်တင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ အရေးပေါ်ဌာနများအပါအဝင် ဌာနတချို့ကို အဆင့်မြှင့်တင်မှုများပြုလုပ်ထားသည်။

**ရန်ဖြိုးသိမ်း**

## ‘စက်မှုနှင့်အသက်မွေးပညာရှေ့လျှားသင်တန်း’ အမှတ်စဉ် (၃၃) သင်တန်းဆင်း



စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနနှင့် မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းတုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ပူးပေါင်းဖွင့်လှစ်ခဲ့သော ‘စက်မှုနှင့်အသက်မွေးပညာရွေ့လျားသင်တန်း’ အမှတ်စဉ် (၃၃) ၏သင်တန်းဆင်းပွဲကို မင်းတုန်းမြို့ အားကစားနှင့်ကာယပညာဦးစီးဌာန၊ မင်းတုန်းအားကစားခန်းမတွင် ဇန်နဝါရီလ ၂၃ ရက်နေ့၊ နံနက် ၉ နာရီ၌ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးအောင်သူက သင်တန်းဆင်းအမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအာကာစိုး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းနုတို့က ထူးချွန်ဆုများချီးမြှင့်ပေးအပ်ကာ အမှတ် (၁) စက်မှုသင်တန်းကျောင်း (ဆင်တဲ) ကျောင်းအုပ်ကြီးက သင်တန်းဆင်းအောင်လက်မှတ်များအား ကိုယ်စားလှယ် ၂ ဦးထံ ပေးအပ်ခဲ့သည်။ အဆိုပါသင်တန်းမှ သင်တန်းသား ၉၆ ဦးတို့အား သင်တန်းဆင်းပေးနိုင်ခဲ့သည်။ သင်တန်းအား (၉. ၁. ၂၀၁၇) ရက်နေ့မှ (၂၃. ၁. ၂၀၁၇) ရက်နေ့အထိ ရက်သတ္တ ၂ ပတ်ကြာဖွင့်လှစ်ခဲ့ပြီး အခြေခံလျှပ်စစ်ဘာသာရပ်နှင့်စိုက်ပျိုး ရေးသုံးအင်ဂျင်နှင့် မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းခြင်းဘာသာရပ်တို့အား သင်ကြားပို့ချခဲ့ကြောင်းသိရှိရသည်။

## မန္တလေးမြို့တော်စည်ပင်သာယာ ဒုတိယမြို့တော်ဝန်ရွေးချယ် ကော်မတီဝင်များအား ဌာနများကြီးကြပ်ရန်တာဝန်ပေးအပ်

မန္တလေးမြို့တော်စည်ပင်သာယာရေး ဥပဒေ ပုဒ်မ ၁၄ (က) အရ ရွေးကောက်တင်မြှောက်ခံကော်မတီဝင် ၆ ဦးအား ဆန္ဒမဲပေး၍ဒုတိယမြို့တော်ဝန်ရွေးချယ်တင်မြှောက်ပွဲကို ဇန်နဝါရီလ ၁၃ ရက်နေ့ နံနက် ၉ နာရီကပြုလုပ်ရာ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် ကော်မတီဝင်များတက်ရောက်ကြသည်။ ကော်မတီဝင်များက ပွင့်လင်းမြင်သာစွာမဲစနစ်ဖြင့် အမရပူရမြို့နယ် ရွေးချယ်ခံကော်မတီဝင် ဦးရဲမွန်အား ဒုတိယမြို့တော်ဝန်အဖြစ် ရွေးချယ်တင်မြှောက်ကြသည်။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဇန်နဝါရီလ ၆ ရက်နေ့မှစတင်ပြီး တာဝန်ပေးခန့်အပ်ခဲ့သော ခန့်အပ်ကော်မတီဝင်များနှင့် ရွေးကောက်တင်မြှောက်ခံရသည့် ကော်မတီဝင်များဖြစ်သည့် အတွင်းရေးမှူး ဦးအောင်ကျော်ထွန်းအား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ကော်မတီဝင်ဒေါ်မြင့်မြင့်သန်းအား ရေနှင့်သန့်ရှင်းမှုဌာန၊ ဒေါက်တာသစ်ဆင်းအား သန့်ရှင်းရေးဌာန၊ ဦးကျော်ဆန်းမြင့်အား ဈေးနှင့်သားသတ်ဌာန၊ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန၊ ဦးရဲမြတ်သူအား လမ်းတံတားဌာနနှင့်ကွန်ပျူတာဌာနခွဲ၊ ဦးခိုင်မြင့်အား အဆောက်အအုံနှင့်ကုန်ရုံဌာန၊ ဦးကျော်ဇေယျအား စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊ ဦးကျော်ဇောအောင်အား အခွန်ဌာန၊ ဦးဇော်မျိုးလွင်အား စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန၊ ဦးစောဟန်အား ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာန၊ ဒုတိယမြို့တော်ဝန်ဦးရဲမွန်အား စစ်ဆေးရေးဌာနတို့ကို ကြီးကြပ်ရန်တာဝန်ပေးခဲ့ကြောင်းသိရသည်။

**မောင်ပြည်သူ (မန္တလေး)**



အမှတ် (၁၇) အကြီးစားစက်ရုံမလွန်တွင် ဇန်နဝါရီလ ၄ ရက်နေ့က (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် အားကစားပြိုင်ပွဲများကျင်းပရာ ဆုရရှိသူတစ်ဦးအား စက်ရုံမှူးမှဆုချီးမြှင့်စဉ် (ပုံ)။



အမှတ် (၁၆) အကြီးစားစက်ရုံ (ဆင်တဲ) တွင် သက်ပြည့်ပင်စင်ခံစားကြမည့် အရာထမ်း၊ အမှုထမ်း (၁၀) ဦးအား ဇန်နဝါရီလ ၁၉ ရက်နေ့က စက်ရုံမှူးနှင့်ဌာနမှူးများက ဂုဏ်ပြုလက်ဆောင်များပေးအပ်ထောက်ပံ့ခဲ့သည်။

## 'ရွှေမန္တလေး' အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး ယာဉ်လိုင်းသစ်ဖွင့်

**ရွှေကို**

ဆွီဒင်နိုင်ငံမှ ထုတ်လုပ်သော Scania Coach Bus များဖြင့် ဖွဲ့စည်းတည်ထောင်သည့် 'ရွှေမန္တလေး' အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး ယာဉ်လိုင်းသစ်ဖွင့်ပွဲနှင့် စတင်ပြေးဆွဲခြင်းကို ဇန်နဝါရီလ ၂၁ ရက်နေ့၊ နံနက် ၉ နာရီက ရန်ကုန်မြို့၊ အောင်မင်္ဂလာအဝေးပြေးဝင်းရှိ မကွေးလမ်းတွင်ကျင်းပခဲ့သည်။

အဆိုပါယာဉ်လိုင်းတွင် ပြေးဆွဲမည့် Scania Coach Bus များသည် ဥရောပစံချိန်စံညွှန်းနှင့်အညီ ခေတ်အမီဆုံး လုံခြုံစိတ်ချမှုထိန်းချုပ်ခြင်းစနစ်များဖြစ်သည့် တစ်နာရီကီလိုမီတာ ၁၀၀ အထိသာမောင်းနှင်ရန် ကွန်ပျူတာဖြင့်အလိုအလျောက် အရှိန်ထိန်းစနစ်ပါရှိခြင်း၊ Auto နှင့် Manual နှစ်မျိုးမောင်းနိုင်သော ဂီယာပါရှိခြင်း၊ မိုးရွာစဉ် ဘရိတ် (Brake) ဖမ်းသည့်အခါ ခါရမ်းခြင်း၊ လမ်းချော်ထွက်ခြင်း မဖြစ်စေရန် (Antilock Brake System) ABS ပါရှိခြင်းအပါအဝင် ခရီးသည်များ လိုရာခရီးသို့အန္တရာယ်ကင်းရှင်းစွာရောက်ရှိရေးနှင့် လုံခြုံရေးအတွက် ဦးစားပေးတည်ဆောက်ထားသော အဆင့်မြင့် အဝေးပြေး (Bus) ဖြစ်ကြောင်း ရွှေမန္တလေး Express ၏ဥက္ကဋ္ဌ ဦးနေအောင်ကပြောသည်။

'ရွှေမန္တလေးခရီးသည်ပို့ဆောင်ရေးမှာ First class၊ Upper Class၊ Gold Class သုံးမျိုးခွဲထားပါ တယ်။ ရန်ကုန်၊ မန္တလေး၊ မကွေး၊ မင်းဘူး၊ မော်လမြိုင်၊ ရေး၊ ထားဝယ်၊ မြိတ်၊ ကော့သောင်းမြို့တွေကို ပြေးဆွဲမှာဖြစ်ပြီး အဆင့်လိုက်ဈေးနှုန်းကျပ် ၁၁,၀၀၀၊ ကျပ် ၂၀,၀၀၀ နဲ့ အိပ်စင်ပါ Gold glass က ၃၅,၀၀၀ ကျပ် သတ်မှတ်ထားပါတယ်။ စတင်ပြေးဆွဲတဲ့အထိမ်းအမှတ်အဖြစ် တစ်လတာအတွင်း လက်ဆောင်ပစ္စည်းများ ပေးအပ်သွားမှာဖြစ်ပါတယ်။ ဝန်ဆောင်မှုကို ပိုပြီးဂရုတစိုက်ဆောင်ရွက်သွားမှာပါဟု ဦးနေအောင်က ဆက်လက်ပြောကြားသည်။




# ကြေးပိဋကတ်တော် လှူဒါန်းနေပါသည်

ပါဠိတိပိဋကတ ကြေးပိဋကတ်တော် အလှူရှင်

- - - - - -



သန်လျင်မြို့ ထန်းပင်ကုန်းရပ်ကွက်

ဗိုလ်မြေလမ်းနေ

**ဦးအုန်းလှိုင် + ဒေါ်တင်ရီ**

**သမီး မဝတ်မှုံနိုင် မိသားစုမှ**

ကြေးပြား – ၅ချပ်၊ တန်ဖိုး – ၁၃၀၀၀၀ ကျပ်ကို

ကြေးပိဋကတ် ဦးဆောင်ဆရာတော်ထံ

လာရောက် လှူဒါန်းသွားပါသည်။

ဆက်သွယ်လှူဒါန်းရာဌာန – မင်္ဂလာတိုက်ကျောင်း၊ ကျောင်းတော်ရာရွှေကျင်တိုက်ကြီး၊ ကမ္ဘာအေးဘုရားလမ်း၊ (ရွှေကောင်းပေါ့ဗော်ရှေ့)၊ ကြားတောရရပ်ကွက်၊ မဟာဗန္ဓုလမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၁၅၄၈၈၀၅၊ ၀၉ ၅၁ ၉၅၂၀၆၊ ၀၉ ၄၉၃ ၁၆၂၁၃။


## တိုက်ကြီးမြို့နယ်တွင် ဟိုတယ်နှင့်အပန်းဖြေစခန်းဖွင့်ရန် တင်ဒါခေါ်ယူ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ထုတ်လုပ်ရေးဌာန၊ တိုက်ကြီးမြို့နယ်ရှိ ဥတိုစိုက်ပျိုးမွေးမြူရေးစခန်းနေရာ၌ ဟိုတယ်နှင့်အပန်းဖြေစခန်းဆောင်ရွက်ရန် မြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား တင်ဒါခေါ်ယူကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

လုပ်ငန်းလုပ်ကိုင်ခွင့်အဆိုပြုလွှာကို ဖေဖော်ဝါရီလ ၁၀ ရက်နေ့အထိ နောက်ဆုံးထားတင်ရမည်ဖြစ်ပြီး တင်ဒါနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များကိုသိလိုပါက ရုံးချိန်အတွင်းလာရောက်မေးမြန်းနိုင်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာ (အဆောက်အအုံ) ထံမှ သိရသည်။

တင်ဒါပုံစံနှင့်စည်းကမ်း ချက်များကို ဗိုလ်တထောင်မြို့နယ်၊ ကုန်သည်လမ်း၊ အမှတ် (၃၉၉)၊ ကုန်ထုတ်လုပ်ရေးဌာန၊ ၁၂ ထပ်ခွဲရုံး၊ ၁၁ လွှာတွင်ဝယ်ယူနိုင်ပြီး စီမံကိန်းကို နိုင်ငံသားလုပ်ငန်းရှင်များကိုသာ ဆောက်လုပ်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မြတ်အောင်မြင့်**

## Suzuki Ertiga ၆၈၁ စီး ကနဦးမှတ်ပုံတင်



မြန်မာ့ဆူဇူကီးမိုတာမှ SKD စနစ်ဖြင့် ထုတ်လုပ်ရောင်းချသော Suzuki Ertiga ၆၈၁ စီး ကနဦးမှတ်ပုံတင်လာရောက်ပြုလုပ်ပြီးဖြစ်သည်။

မြန်မာဆူဇူကီးမိုတာမှ SKD (Semi-Khocked Down) စနစ်ဖြင့် ထုတ်လုပ်ထားသော Ertiga ကားများကို ၂၀၁၅ ခုနှစ်၊ ဇူလိုင်လမှစ၍ မြန်မာနိုင်ငံအနှံ့ရှိ အရောင်းကိုယ်စားလှယ်များမှတစ်ဆင့် ဖြန့်ဖြူးရောင်းချလျက်ရှိပြီး ၂၀၁၆ ခုနှစ်တွင် Suzuki မိုဒယ်အသစ်ကို ထပ်မံမိတ်ဆက်ခဲ့ကြောင်းသိရသည်။

Suzuki Ertiga မှကားများကို စတင်ထုတ်ပေးသည့်အချိန်မှစတင်ပြီး ယခုလပထမပတ်အထိ ၅၉၁ စီး ကနဦးမှတ်ပုံတင်ပြုလုပ်ထားပြီး အစီးကိုးဆယ်မှာ နံပါတ်သာထုတ်ယူရပါသည်။

ဇန်နဝါရီလ ၁၁ ရက်နေ့အထိ အခွန်ကင်းလွတ်ခွင့်ရသော Nissan Leaf လျှပ်စစ်ကား ၁၄၉ စီးလည်း ကနဦး မှတ်ပုံတင်လာရောက်ပြုလုပ်ထားပါသည်။

မြန်မာနိုင်ငံတွင် Myanmar Suzuki Motor မှ CKD, SKD စနစ်ဖြင့် အပေါ့စားကုန်တင်ယာဉ်နှင့် လူစီးယာဉ်များကို ထုတ်လုပ်ရောင်းချနေသကဲ့သို့ Tan Chong Motor မှလည်း SKD စနစ်ဖြင့် Sunny Sedan ကားများကိုထုတ်လုပ်နေပြီဖြစ်ကြောင်းသိရသည်။

Source: Automobile Journal

HMWE
LION KEY TRADE MARK

# မွှေး ကော်အိတ်လုပ်ငန်း

- နိုင်ငံခြားဖြစ် ပလတ်စတစ်ဆွဲစက်ကြီးများဖြင့် အရည်အသွေးမြင့်မားပြီး ခိုင်ခံ့မှုရှိသော အိတ်ပျော့ပလတ်စတစ် လက်ဆွဲအိတ်များအား အသေးဆုံးဆိုဒ် 5" မှ 14"(5" x 9",6"x11",6"x14", 7"x15",8"x15",9"x18",12"x20",14"x28") ထိ မြန်မာတစ်ပြည်လုံးသို့ထုတ်လုပ်ဖြန့်ဖြူးပေးနေပါသည်။
- လုပ်ငန်းရှင်များ၊ဘဏ်များ၊စတိုးဆိုင်များမှ လိုအပ်သောတံဆိပ်များ၊ ကြော်ငြာများအားပလတ်စတစ်အိတ်ပျော့အမျိုးမျိုးပေါ်တွင် ဒီဇိုင်းမျိုးစုံ ကို ဆိုဒ်မျိုးစုံဖြင့် စိတ်တိုင်းကျ ပုံနှိပ်ပေးခြင်း။
- အိမ်သုံး၊ဟိုတယ်နှင့် စားသောက်ဆိုင်သုံးအမှိုက်အိတ်များ၊စိုက်ပျိုးရေးသုံးအမည်းအိတ်များ (၆) လုံးဆန့်သောက်ရေသန့်အိတ်များ ကိုလည်း လိုအပ်သော အရွယ်အစားအမျိုးမျိုး အော်ဒါလက်ခံဆောင်ရွက်ပေးခြင်းတို့ကိုလည်းပြုလုပ်ပေးနေပါသည်။ ထိုပြင် မီးပုံးပျံ နှင့် စွန်တို့ပြုလုပ်သည့် ပလတ်စတစ်အလိပ်များကိုလည်း ဖြန့်ဖြူးရောင်းချပေးနေပါသည်။

အမှတ်(၃၆၉)၊ လေးထောင့်ကန်လမ်းမကြီး၊ မိချောင်းကန်အပိုင်း(၁)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း ၀၁ ၅၇၉၆၈၃၊ ၀၁ ၅၇၂၃၇၃၊ ၀၁ ၈၅၆၅၈၀၇၊ ၀၉ ၇၈၄၇၅၅၃၆၆
Website: www.hmweplastic.com Email: sales@hmweplastic.com



JPM SERVICES CO.,LTD.

# JPM
CAR SALE CENTER

Email- jpmautocenter@gmail.com
Web: www.jpmmotors.com



မော်တော်ကားဝယ်ယူရန် စီစဉ်စဉ်းစားနေသူများအတွက် မြန်မာနိုင်ငံသားများနှင့် အထူးသင့်လျော်သောဂျပန်နိုင်ငံမှတိုက်ရိုက်တင်သွင်း လာသည့်အရည်အသွေးကောင်းမွန်ပြီး စိတ်ချရတဲ့ကားကောင်းကားသန့်အမျိုးအစားအစုံကို စိတ်တိုင်းကျအမည်ပေါက် ရွေးချယ် ဝယ်ယူနိုင်ရန် ကျွန်တော်တို့ JPM Car Sale Center မှ မိတ်ဟောင်း/မိတ်သစ်ကြီးများကို ဖိတ်ခေါ်အပ်ပါသည်။

No (42/A), New University Avenue Road, Bahan Township, Yangon.
( 5 Movie ရုံးချုပ်အနီး၊ ဆွေထိုင်းစားသောက်ဆိုင်ရှေ့ )၊ Ph: 01 860 3921

HOT LINE
09 253008800



# TOKYO PIPE
HDPE Pipes , uPVC Pipes & Fittings
ISO 9001:2008



- HDPE Telecom Duct Pipe
- Fiber Optic Cable Pipe
- Water Supply Pipe
- Agriculture ( Drip & Filtering ) Pipe
- Electrical Cable Pipe
- Gas Line Pipe
- Drainage Pipe
- Sewage Pipe

Excel Treasure Tower, No.520, Kaba Aye Pagoda Road, Shwe Gon Dine, Bahan Township, Yangon, Myanmar.
Tel : 95-1-559 744, 01-558 863, 09-500 1326, 09-505 2011, 09-730 578 70 Fax: 95-1-558 869
Web: www.tokyopipe.com.mm E-mail: info@tokyopipe.com.mm



# THIDA Chan Myay Electrical Trading Co., Ltd.
No. (17), Myintzu Street, Parami Avenue, Yankin Township, Yangon. Tel: 01 660857



THIDA Chan Myay အနေဖြင့်
- လျှပ်စစ်ဓာတ်အားခွဲရုံသုံး ပစ္စည်းကိရိယာအမျိုးမျိုး
- လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ ပစ္စည်းကိရိယာအမျိုးမျိုး
- High Voltage/ Low Voltage သုံး Circuit Breaker အမျိုးမျိုးနှင့် ဆက်စပ်သုံးပစ္စည်းများ
- လျှပ်တာပြောင်း (Transformer) အမျိုးမျိုးတို့ကို ရောင်းချဖြန့်ဖြူးတာဝန်ယူ တပ်ဆင်ပေးလျက်ရှိပါသည်။

(လုပ်ငန်းလိုအပ်ချက်အရ တည်ဆောက်လိုသော Transformer (KVA) အရွယ်အစားအမျိုးမျိုး တို့ကို လုပ်ငန်းအစမှ ပြီးဆုံးသည်အထိ ကူညီပံ့ပိုးဆောင်ရွက်ပေးနိုင်ပါသည်။)

INSTALLATION & MATERIALS SUPPLY OF
- SUB STATION ACCESSORIES, TRANSMISSION & DISTRIBUTION LINE ACCESSORIES
- HIGH VOLTAGE / LOW VOLTAGE SWITCH GEAR PANEL/ CUBICLES
- TRANSFORMER & ACCESSORIES

Contact us
09 5133406, 09 5011478, 09 5141179, 09 5559600, 09 5028017, 09 5073931, 09 73073948
Fax : 951 660857 Email : info@thidachanmyay.com, office@thidachanmyay.com




Block-901 , 78 Road. Bet:42 & Theik Pan Street.Mandalay-Yangon Highway,
Mandalay, Myanmar.Tel:+95-2-68460,68461,68463,64709
E-mail : greatwallhotelmdy@gmail.com
Fax:+95-2-68462 www.greatwall-hotel.com
www.greatwallhotelmyanmar.com

MADE IN ITALY
PEDROLLO®
... the spring of life


အီတလီနိုင်ငံထုတ်ရေစုပ်စက်အမျိုးမျိုး



**Uni Trade Yangon Limited**

Sales/Service Center Yangon-01-653330,653448,296778,385402 Naypyitaw-067-22842,21505 Mandalay-02-30649,32431,73011

Fax-01-663524 Email: uamutm@myanmar.com.mm



ဂွတ်(ဒ်)ဘရားသား(စ်)ကုမ္ပဏီလီမိတက်
GBS
GOOD BROTHERS' COMPANY LIMITED
ZOOMLION
RK 704 - A
RF 354 - B
RC 954 - A
Spare Parts
www. gbs.com.mm E-Mail : gbsygn.pr@gmail.com

## စက်မှုဝန်ကြီးဌာန၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း အမှတ် (၁၄) အကြီးစားစက်ရုံ (သာဂရ) နှင့်စပ်လျဉ်း၍ လုပ်ငန်းများရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရန် စိတ်ဝင်စားသူများအား Expression of Interest (EoI) ဖိတ်ခေါ်ခြင်း

စက်မှုဝန်ကြီးဌာန၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အမှတ် (၁၄) အကြီးစားစက်ရုံ (သာဂရ) (ဘက်စုံသုံးဒီဇယ်အင်ဂျင်အမျိုးမျိုးထုတ်လုပ်ရန်) တွင် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် စိတ်ပါဝင်စားသည့် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်လိုသော ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများကို ဖိတ်ခေါ်ပါသည်။

စိတ်ပါဝင်စားသည့် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်လိုသော ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများသည် ဆောင်ရွက်လိုသည့်အစီအစဉ်ကဏ္ဍများအား တင်ပြထားသည့်အဆိုပြုလွှာမူကြမ်းကို **စီမံရေးဌာန၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ် (၃၀) နေပြည်တော်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**သို့လိပ်မူ၍ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈) ရက်နေ့၊ ညနေ (၃း၀၀) နာရီ (မြန်မာစံတော်ချိန်) အရောက် ပေးပို့ရမည်ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်လိုသည့် အဖွဲ့အစည်းများသည် စိတ်ဝင်စားမှုဖော်ပြခြင်းအဆိုပြုလွှာပုံစံ၊ လမ်းညွှန်ချက်များနှင့် အခြားသက်ဆိုင်ရာစာရွက်စာတမ်းများကို ကုမ္ပဏီဆိုင်ရာအထောက်အထားများ ယူဆောင်ပြသလျက် အထက်ပါလိပ်စာတွင် (၁. ၂. ၂၀၁၇) ရက်နေ့မှစ၍ လာရောက်ထုတ်ယူနိုင်ပါသည်။

**ကုမ္ပဏီဆိုင်ရာအထောက်အထား**

- သက်တမ်းရှိကုမ္ပဏီမှတ်ပုံတင်
- ကုမ္ပဏီသင်းဖွဲ့စည်းမျဉ်း/စည်းကမ်း
- နည်းပညာပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီ (ပြည်တွင်းကုမ္ပဏီဖြစ်ခဲ့လျှင်)

အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရန်ဖုန်း-၀၆၇-၄၀၅၁၅၉၊ ၀၆၇-၄၀၅၃၂၂

## 'နိုင်ငံတကာနည်းပညာပြပွဲကြီး' ကျင်းပ

စာမျက်နှာ ၁၆ သို့-




## Invitation of Expression of Interest (EoI) for Cooperation Public Private Partnership (PPP) in No.14 Heavy Industry (Thagaya) No.1 Heavy Industries Enterprise, Ministry of Industry

No.14 Heavy Industry (Thagaya) (to produce multipurpose diesel engines) under No.1 Heavy Industries Enterprise, Ministry of Industry are intended to cooperate with local (or) foreign entrepreneurs as PPP (JV, Lease,etc:)

As a first step, companies who are interested in that cooperation are required to submit their Expression of Interest (EoI) not later than 3:00 pm (Myanmar Standard Time), on 28$^{th}$ February 2017 to Planning Department, No.1 Heavy Industries Enterprise, Ministry of Industry, Office No.30, Nay Pyi Taw, the Republic of the Union of Myanmar.

Interested entitles can inquiry and take over the EoI Form and other indications at above office commencing from (1.2.2017) by presenting document of company profile.

**Document of Company profile**

- Valid Certificate of Incorporation
- Memorandum of Association and Articles of Association of Company
- Name of Foreign's Technical Cooperator

(For more information: Phone no: 067 - 405159, 067 - 405322

## Nissan က ၄င်းတို့၏ Sunny ကားအမျိုးအစားသစ်ကို ကျပ် ၂၀၆ သိန်းဖြင့် ရောင်းချပေးမည်

စာမျက်နှာ ၁၃ သို့ -




## ၁၃၇၈ ခုနှစ် မန္တလေးမြို့တော်မဟာသင်္ကြန် ယဉ်ကျေးမှုပုံရိပ်များဖြင့် ကျင်းပမည်

စာမျက်နှာ ၁၃ သို့ -

